# ကချင်ရိုးရာသစ်သားပြက္ခဒိန်

ပြက္ခဒိန်သည် နှစ်၊ လ၊ နေ့ရက်တို့၏ အပိုင်းအခြား အမှတ်အသားအဖြစ် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် လူတို့အသုံးပြုခဲ့ကြသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် မိမိတို့ နိုင်ငံ၏ သမိုင်းကိုပြုစုရာတွင် ခေတ်နှင့်အချိန်ကာလကို တိကျမှန်ကန်စွာ မှတ်သားနိုင်ရန် ပြက္ခဒိန်လိုအပ်ပါသည်။ ပြက္ခဒိန်ကို မြန်မာကျမ်းဟောင်းများတွင် အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ ပြက္ခဒိန်သည် လူမျိုး တစ်မျိုး၏ ဘာသာတရား၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုအတွက် အဓိကအရေးကြီးလှသည်။

ကချင်လူမျိုးတို့သည် ပြက္ခဒိန်ကို ကချင်ဘာသာဖြင့် ရှတာအင်ထွဲ (Shata Nhtoi)၊ မြန်မာဘာသာဖြင့် ကချင် ပြက္ခဒိန်၊ အင်္ဂလိပ်ဘာသာဖြင့် (Kachin Calendar) ဟူ၍ အမျိုးမျိုးခေါ်ကြသည်။ မှတ်သားပုံမှာ ထူးခြားလှသည်။ ရှေးယခင်က လကိုကြည့်၍လည်းကောင်း၊ ရာသီဥတု၊ ကျေးငှက်တို့၏ ကျူးသံများကို ကြည့်၍လည်းကောင်း ရက်၊ လ၊ နေ့တို့ကို တွက်ချက်ခဲ့ကြသည်။

ရှေးယခင်က ကချင်မျိုးနွယ်စုတို့ အသုံးပြုခဲ့သော သစ်သားပြက္ခဒိန်ကို ယမ်ဟုခေါ်သည်။ သစ်သားပြား ငယ်တွင် အပေါက်ငယ်(၃၀)ထွင်းထား၍ တစ်လအတွင်း နေ့ရက်များကို တုတ်ချောင်းငယ်ဖြင့် တစ်ပေါက်ပြီး တစ်ပေါက်ရွှေ့၍ မှတ်သားခဲ့ကြသည်။

မြန်မာတို့တွင် ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊

ပြာသို၊ တပို့တွဲဟူ၍ ဆယ့်နှစ်လရာသီရှိသကဲ့သို့ ကချင်မျိုးနွယ်စုတွင်လည်းရှိပါသည်။ ကချင်မျိုးနွယ်စုတို့၏ ဆယ့်နှစ်လရာသီမှာ ခရူတာ(Hkru Ta)၊ ရာတာ(Ra Ta)၊ ဝတ်တာ(Wut Ta)၊ ရှလားတာ(Shala Ta)၊ ဂျထွမ်းတာ(Jahtum Ta) ၊ ဆငန်တာ(Sanaga Ta)၊ ရှီမရီတာ(Shi Mari Ta)၊ ဂွမ်ရှီတာ(Gup Shi Ta)၊ ဂွမ်တုံတာ(Gup Tung Ta)၊ ကလားတာ (Kala Ta)၊ မဂျီတာ(Maji Ta)၊ မဂါးတာ(Maga Ta) တို့ဖြစ်ကြသည်။

ကချင်မျိုးနွယ်တို့သည် အဓိကတောင်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း စသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် ရာသီဥတု အပိုင်းအခြားကို ကောင်းစွာ သိရှိရန်လိုအပ်ပါသည်။ ရာသီဥတုအပိုင်းကို ကောင်းစွာမသိရှိပါက ကလားတာ(Kala Ta)အစာရေစာငတ်မွတ်ခေါင်းပါးခြင်း ဘေးဒုက္ခနှင့် တွေ့ကြုံရတတ်သည်ဟု ရှေးယခင်က ယုံကြည်ကြသည်။ ထို့ကြောင့် နွေ၊ မိုး၊ ဆောင်း ဟူသော ရာသီဥတုအပိုင်းအခြားကို အောက်ပါ အတိုင်း ပိုင်းခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ

နွေဥတုတွင်-

(၁) ခရူတာ(Hkru Ta)

(၂) ရာတာ(Ra Ta)

(၃)ဝတ်တာ(Wut Ta)

(၄)ရှလားတာ(Shala Ta)

မိုးဥတုတွင်-

(၁) ဂျထွမ်းတာ(Jahtum Ta)

(၂) ဆငန်တာ(Sanaga Ta)

(၃) ရှီမရီတာ(Shi Mari Ta)

(၄) ဂွမ်ရှီတာ(Gup Shi Ta)

ဆောင်းဥတုတွင်-

(၁)ဂွမ်တုံတာ(GupTungTa)

(၂) ကလားတာ (Kala Ta)

(၃) မဂျီတာ (Maji Ta)

(၄) မဂါးတာ (Maga Ta) ဟူ၍ ပါဝင်သည်။

ခရူတာ (Hkru Ta)သည် နှစ်တစ်နှစ်၏ ပထမဆုံး နေ့ရက်(သို့မဟုတ်) နှစ်သစ်ကူးဟူ၍ ရိုးရာအရ သတ်မှတ်ထားသည်။ ခရူတာ(Hkru Ta)ဆိုသည်မှာ စပါး၊ ပဲ၊ ပြောင်း အစရှိသည်တို့ကို အားလုံးရိတ်သိမ်းပြီး ဝဝလင်လင် စားသောက်ရသောလ ဖြစ်သောကြောင့်ဟု အဓိပ္ပါယ်ရသည်။ ထို့ပြင် မြေပြန့်တွင် ခရူးပန်းများ ပွင့်လန်းသောအချိန်ဖြစ်ပြီး ၎င်းလမှာ ဖေဖော်ဝါရီလနှင့် မတ်လဖြစ်သည်။

ရာတာ (Ra Ta) ဟု ခေါ်ဆိုရခြင်းမှာ ၎င်းလတွင် တစ်မျိုးသားလုံး အစားအသောက်၊ ပေါင်းသင်းဆက်ဆံရေး စသည့်ကိစ္စရပ်များတွင် တစ်ပြေးညီဖြစ်သောကြောင့်ဟူ၍ အဓိပ္ပါယ်ရသည်။ ၎င်းလမှာ မတ်လနှင့် ဧပြီလဖြစ်သည်။

ဝတ်တာ (Wut Ta) ဟု ခေါ်ဆိုရခြင်းမှာ ၎င်းလတွင် ဖိုထိုးခြင်း၊ သံရည်ကျိုခြင်း စသည့်လုပ်ငန်းများလုပ်ကိုင်ကြသည့်အပြင် ရာသီပြောင်း၍ လေပြေများ စတင်တိုက်ခတ်စပြုလာသောကြောင့်ဖြစ်သည်။ ၎င်းလမှာ ဧပြီလနှင့် မေလဖြစ်သည်။

ရှလားတာ(Shala Ta)သည် အသီးအနှံ၊ ဝါးမြစ်များ စသည်တို့ကို ထွက်ပေါ်လာစဖြစ်သောလဟု အဓိပ္ပါယ်ရသည်။ ၎င်းလမှာမေလနှင့် ဇွန်လဖြစ်သည်။

ဂျထွမ်းတာ(Jahtum Ta)သည် ခြောက်သွေ့၍ ပူပြင်းသော နွေရာသီကုန်ဆုံးသောလဟု ခေါ်ဆိုခြင်းဖြစ်သည်။ ၎င်းလမှာ ဇွန်လနှင့် ဇူလိုင်လဖြစ်သည်။ ဆငန်တာ (Sanaga Ta)၏ အဓိပ္ပါယ်မှာ ကောက်စောစပါးများ အငုံအဖူးများ ပွင့်ဖူးလာသည့်လဟု အဓိပ္ပါယ်ရပါသည်။ ၎င်းလမှာ ဇူလိုင်လနှင့် ဩဂုတ်လဖြစ်သည်။



ကချင်ရိုးရာပြက္ခဒိန်

ရှီမရီတာ(Shi Mari Ta)သည် လုပ်ကိုင်ရသော လုပ်ငန်းများ မအားမလပ် လုပ်ကိုင်ရလောက်အောင်ပင် အလုပ်များသောလဟု အဓိပ္ပါယ်ရပါသည်။ ၎င်းလမှာ ဩဂုတ်လနှင့် စက်တင်ဘာလဖြစ်သည်။

ဂွမ်ရှီတာ(Gup Shi Ta)ဟုခေါ်ဆိုရခြင်းမှာ မိုးရာသီကာလပတ်လုံး သတင်းစကားမကြားရသော ပတ်ဝန်းကျင်မှ သတင်းစကား ပြန်လည်ကြားသိရသောလဟု အဓိပ္ပါယ်ရသည်။ ၎င်းမှာမိုးရာသီပြီးဆုံး၍ ပွင်းလင်းရာသီချိန် ရောက်ရှိလာသော စက်တင်ဘာလမှ အောက်တိုဘာလဖြစ်သည်။

ဂွမ်တုံတာ(Gup Tung Ta)သည် စပါးသီးနှံများ ရင့်မှည့်လာသည့်ကာလ ဖြစ်သောကြောင့် ဂွမ်တုံတာဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ ၎င်းလမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလဖြစ်သည်။

ကလားတာ(Kala Ta)၏ အနက်အဓိပ္ပါယ်မှာ မိုးကုန်၍ ဆောင်းဦးကာလကိုဆိုလိုပါသည်။ ၎င်းလမှာ နိုဝင်ဘာလမှ ဒီဇင်ဘာလဖြစ်သည်။

မဂျီတာ(Maji Ta)ဟု ခေါ်ဝေါ်ရခြင်းမှာ ချယ်ရီပန်းနှင့် မဂျီပန်းများပွင့်၍ အေးမြသောလဟု အဓိပ္ပါယ်ရသည်။ ၎င်းလမှာ ဒီဇင်ဘာနှင့် ဇန်နဝါရီလဖြစ်သည်။

မဂါးတာ(Maga Ta)သည် တစ်နှစ်အတွင်းရှိ မကောင်းဆိုးဝါးများကို နှင်ထုတ်ရသောလဟု အဓိပ္ပါယ်ရပါသည်။ ၎င်းလမှာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလဖြစ်သည်။

ကချင်မျိုးနွယ်စုတို့၏ အယူအဆအရ လစဉ်လတိုင်း (၇၊ ၉၊ ၁၇၊ ၁၉)ရက်နှင့် လကွယ်ရက်များကို ပြဿဒါးနေ့ဟု အယူရှိကြပြီး ၎င်းနေ့များတွင် ခရီးထွက်ခြင်း၊ မင်္ဂလာရှိသော အလုပ်များလုပ်ကိုင်ခြင်းကို ရှောင်ကြဉ်ကြသည်။ ကလေးများပင် ထို့နေ့များတွင် မွေးဖွားပါက ဆိုးသွမ်းတတ်ကြသည်ဟုလည်း ဆိုကြပါသည်။ ထို့ပြင် ရှီမရီတာ(Shi Mari Ta)နှင့် မဂါးတာ(Maga Ta)လများသည်လည်း တစ်နှစ်ပတ်လုံးတွင် မင်္ဂလာမရှိသောလများ ဖြစ်ကြသည်ဟု အယူရှိကြ၍ လက်ထပ်မင်္ဂလာပွဲ၊ နတ်ပူဇော်ခြင်း၊ ခရီးထွက်ခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ ခရီးထွက်ခြင်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်တတ်ကြသည်။

ကချင်မျိုးနွယ်စုတို့၏ ရက်၊ လများရေတွက်ခြင်း ဓလေ့မှာရာသီဥတုနှင့် သဘာဝပြောင်းလဲခြင်းတို့ကို အစွဲပြုသောကြောင့် စန္ဒြပါလနှင့် သူရိယပါသစနစ် နှစ်မျိုးလုံးတွင် အခြေခံသည်ဟုဆိုနိုင်ပါသည်။ ကချင်မျိုးနွယ်စုတို့ လဆန်း၊ လကွယ်၊ လပြည့်များတွက်ချက်ကြသည်မှာ မြန်မာတို့နှင့် တူညီပါသည်။ ယခုအခါ ကချင်မျိုးနွယ်စုတို့၏ ပြက္ခဒိန်တွင် ကမ္ဘာသုံးပြက္ခဒိန်၊ မြန်မာပြက္ခဒိန်နှင့် ကချင်ရိုးရာပြက္ခဒိန် သုံးမျိုးကို ထည့်သွင်းအသုံးပြုကြသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် ကချင်မျိုးနွယ်စုတို့သည် သစ်သားပြက္ခဒိန်ကို အသုံးမပြုခြင်းမရှိကြဘဲ အလွယ်ဝယ်ယူ၍

စက္ကူရွက်များဖြင့် ထုတ်ဝေသော ပြက္ခဒိန်ကိုသာ အသုံးပြုကြသည်။ ထို့ကြောင့် ရှေးယခင်က ကချင်မျိုးနွယ်စုတို့ အသုံးပြုခဲ့ကြသည့် သစ်သားပြက္ခဒိန်မှာ ရှားပါးရှားရာ ခလေ့တစ်ခုအဖြစ်သာကျန်ရှိပါတော့သည်။

# ကယန်းတိုင်းရင်းသားတို့၏ ခေါင်ရည်၊ ခေါင်ကျရည်နှင့် အရက်ချက်နည်းအကြောင်း

## ခေါင်ရည်

ကယန်းတိုင်းရင်းသားတို့သည် ဆင်းရဲ၊ ချမ်းသာ မရွေး အိမ်တိုင်းလိုလို နံနက်မိုးလင်းလျှင် ခေါင်ရည်တစ်အိုး ဖောက်ပြီး မီးဖိုဘေး(သို့မဟုတ်) ဧည့်ခန်းတွင် ထားရှိရ သည်။ ခေါင်ရည်စုပ်ရန် ဝါးလုံးသေးသေးဖြင့် ပြုလုပ်ထား သည့် ပိုက်တစ်ချောင်းဖြင့် ခေါင်အိုးပေါ်တွင်စိုက်ထားသည်။ နောက်ထပ်လိုအပ်သည့် ခေါင်ရည်များဖြည့်ဆည်းရန် ရေနွေး ဓါတ်ဘူးတစ်လုံးပါ ထားပေးရသည်။ မိသားစုဝင် နို့စို့ကလေးအရွယ်မှ အဖိုးအဖွားအရွယ်အထိ ခေါင်ရည် စုပ်၍ သောက်သုံးကြသည်။ ညအိပ်၊ ညနေ ဧည့်သည် အတွက် သီးခြားခေါင်အိုးဖြင့် ဖောက်ပေးရသည်။ နေ့စဉ် သုံးဆောင်သော အစားအသောက် ဖြစ်သည့်အပြင် သာရေး၊ နာရေး၊ လူမှုရေးနှင့် ပွဲလမ်းသဘင်များတွင် ထမင်း၊ ဟင်းနှင့် တွဲဖက်၍ ဧည့်ခံကျွေးမွေးရသည်။ အထူးသဖြင့် အမွေစား၊ အမွေခံကိစ္စ၊ အမှုအခင်းကိစ္စ၊ အရောင်း အဝယ်ကိစ္စ၊ လက်ထပ်ထိမ်းမြားခြင်းကိစ္စများ လုပ်ငန်း ဆောင်ရွက်မှု အောင်မြင်ပြီးစီးပါက ခေါင်ရည်သောက် သက်သေဖြင့် အသိအမှတ်ပြုသည့်ဓလေ့သည် စာချုပ် စာတမ်းသဖွယ် ယနေ့အထိ ကျင့်သုံးလျှက်ရှိပါသည်။

ခေါင်ရည်ကိုဆန်၊ ပြောင်းဖူး၊ နံ့စားပြောင်းဖြင့် ချက်လုပ်ရသည်။ ရှေးခေတ်တွင် မြေအိုးကြီးဖြင့် ချက်ရပြီး

ယခုခေတ်တွင် ဒန်အိုးကြီးနှင့် ထမင်းချက်သည့်အတိုင်း ချက်ရသည်။ ကျက်သည့်အခါတွင် အမိုးအကာအောက်ဖျာပေါ် ခူးထည့်ပြီး အအေးခံထားရသည်။ ခေါင်ထမင်းအေး လာလျှင် တဆေးကို အမှုန့်ဖြစ်အောင်ထောင်းပြီး ခေါင် ထမင်းပေါ်သို့ ဖြူးထည့်ရသည်။ လက်ဖြင့်ဖြစ်စေ၊ ယောက်မ ဖြင့်ဖြစ်စေ နှံ့စပ်အောင် မွှေပေးရသည်။

တစ်ဖန် ခေါင်ထမင်းများကို လေလုံသည့် တောင်းထဲသို့ပြောင်းထည့်ပြီး တောင်းပေါ်တွင် ဖွဲဖြင့်အုပ်၍ တစ်ရက်၊ နှစ်ရက်ထားရသည်။ တောင်းထဲရှိခေါင်ဖတ်ကို လက်ဖြင့်နှိုက်ကြည့်၍ ပူနွေးလာပါက ဖျာပေါ်သို့သွန်ချ ရသည်။ ဖျာပေါ်ရှိခေါင်ထမင်းကို ဖွဲကြမ်းအနည်းငယ်ရော စပ်ပြီး စဉ့်အိုးကြီးထဲသို့ ပြောင်းထည့်ရသည်။ စဉ့်အိုး ပေါ်တွင် လေလုံအောင် ဖုံးအုပ်ထားရသည်။ (၁၅)ရက်ခန့် အကြာတွင် လိုအပ်ပါက ခေါင်အိုးငယ်ဖြင့် ခွဲထည့်၍ ရေနွေးဖြင့်ဖောက်ပြီး စုပ်ခေါင်အဖြစ် သောက်သုံးနိုင် သည်။ လက်ထပ်မင်္ဂလာအခမ်းအနားနှင့် အခြားလူမှုရေး ကိစ္စများတွင် စုပ်ခေါင်ကိုအသုံးနည်းပြီး ခေါင်ရည်ဖြင့် ဧည့်ခံကြသည်။ ခေါင်ရည်ဖြစ်အောင် ပြုလုပ်ရာတွင် စဉ့်အိုးကြီးထဲသို့ ခေါင်ဖတ်များသိပ်ထည့်ပြီး ရေနွေးဖြင့် ဖောက်ရသည်။ ခေါင်အိုးဖတ်ကို အမြင့်နေရာ၌ထားပြီး တစ်မတ်လုံး အရွယ်ရှိ ပိုက်ပြွန်ဖြင့် ခေါင်ရည်ထုတ်ရသည်။ ရရှိလာသည့် ခေါင်ရည်များကို စဉ့်အိုးဖြင့် လည်းကောင်း၊ ဝါးဘူးဖြင့် လည်းကောင်း ထည့်ထားပြီး သောက်သုံးသည့်အခါ ခွက်ဖြင့် ထည့်သောက်ရသည်။





ခေါင်ရည်သည် လတ်ဆတ်သည့် သီးနှံဖြင့်လုပ်သောကြောင့် အာဟာရဓာတ်အပြည့်အဝ ပါဝင်ကြောင်း သိရသည်။

## ခေါင်ကျရည်

ခေါင်ကျရည်သည် ကောက်ညှင်းဆန်ဖြင့် ချက်လုပ်ရသည်။ ချက်ပုံချက်နည်းသည် ရိုးရိုးခေါင်ရည်အတိုင်းဖြစ်သည်။ ခေါင်ထမင်းထဲတွင် ဖွဲ့အနည်းငယ်ရောထည့်ရသည်။ တဆေးမှုန့်နှင့်ရောနယ်ပြီးလျှင် ငှက်ပျောဖက်ခံထားသည့် တောင်းတစ်လုံးထဲသို့ သိပ်ထည့်ရသည်။ တောင်းထဲရှိ ခေါင်ဖတ်သည် ချိုချဉ်အနံ့ ထွက်လာလျှင် စဉ့်အိုးထဲသို့ပြောင်းထည့်ပြီး လေလုံအောင် ဖုံးအုပ်ထားရသည်။ ခေါင်ဖတ်သည် အနည်ထိုင်လာပြီး ခေါင်ရည်အကြည်ရည်သည် အပေါ်သို့ စိမ့်ထွက်လာသည်။ ကောက်ညှင်းဆန်အဖြူဖြင့် ချက်လုပ်သည့် ခေါင်ကျရည်၏ အရောင်သည် အဖြူရောင်ထွက်လာပြီး၊ ကောက်ညှင်းငချိတ်ဖြင့် ချက်လုပ်သောခေါင်ကျရည်သည် အနီရောင်(သို့မဟုတ်) ပျားရည်အရောင်ကဲ့သို့ထွက်လာသည်။ ပျားရည်ကဲ့သို့ပင် အချိုဓာတ်ကြွယ်ဝသည်။ ထွက်ရှိလာသော ခေါင်ကျရည်များကို ဝါးဘူး(သို့မဟုတ်)ပုလင်းဖြင့် ခပ်ထည့်ရသည်။ ယခင်က မိသားစုသောက်သုံးရန် ရည်ရွယ်၍ ချက်လုပ်ကြသော်လည်း ယခုအခါတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ချက်လုပ်ရောင်းချကြသည်။ ဧည့်သည်များအားလက်ဆောင်ပေးခြင်း၊ ရပ်ဝေးရပ်နီး ဆွေမျိုးသားချင်းများအား လက်ဆောင်ပေးခြင်းဖြင့် ခေတ်စားလာသည့် ခေါင်ရည်တစ်မျိုးဖြစ်ပါသည်။







**အရက်**

အရက်ချက်ရာတွင် ပေါင်းအိုးကြီး တစ်လုံးထဲသို့ ခေါင်ဖတ်နှင့် ရေများရောထည့်ရသည်။ အိုးအဖုံး အလယ်တည့်တည့်တွင် အပေါက်တစ်ပေါက် ဖောက်ထားပြီး အိုးကိုဖုံးအုပ်ထားရသည်။ မီးဖိုထားသည့်ဖိုပေါ်တွင် ပေါင်းအိုးတင်ထားပြီး မီးထိုးပေးရသည်။ အိုးထဲမှအငွေ့ထွက်လာသည့်အခါ အိုးဖုံးအလယ်တွင် ဖောက်ထားသည့် အပေါက်မှတစ်ဆင့် အငွေ့ကိုပိုက်ဖြင့် သွယ်ယူရသည်။ အရက်ချက်လုပ်ရာတွင် သီးသန့်ပြုလုပ်ထားသည့် စဉ့်အိုးထဲသို့ ရေအေးထည့်ရသည်။ စဉ့်အိုးအောက်ပိုင်းရှိ အဝင်ပေါက်ထဲတွင် အငွေ့ပိုက်ကို ဆက်ထားရသည်။ အငွေ့များသည် ရေးအေးဓာတ်နှင့် ထိတွေ့သည့်အခါ ပေါင်းရည်အဖြစ် ပြောင်းလဲလာပြီး

အရက်ဖြစ်လာသည်။ စဉ့်အိုးအထွက်ပေါက်မှ ထွက်လာသည့် အရက်များကို ပုလင်းဖြင့်ခံယူရသည်။

ပထမဦးဆုံးရရှိသည့် အရက်သည်“ဦးရေ”ခေါ် အရက်ပြင်းဖြစ်ပြီး၊ နောက်ပိုင်းထွက်ရှိလာသည့် အရက်များကို “ရောင်းတန်း”အဆင့်အဖြစ် သတ်မှတ်ကြသည်။ အရက်ချက်လုပ်ရာတွင် ကျွမ်းကျင်ရန်လိုအပ်ပါသည်။ မီးအားပြင်းလွန်းလျှင် အရက်တူးပြီး၊ မီးအားပျော့လွန်းလျှင်လည်း အရက်ထွက်နည်းတတ်သည်။ အရက်ကို ခေါင်ရည်နည်းတူ သုံးစွဲလေ့ရှိသော်လည်း အလွန်အကျွံ သောက်သုံးခြင်းကို ရှောင်ကြဉ်ကြသည်။

# ပိုးကရင်တို့၏ ရိုးရာပူဇော်ပွဲ

ပိုးကရင်ဘာသာစကားဖြင့် ရိုးရာပူဇော်ပွဲ(နတ်စား)ကို "အောင်းဃယ်"ဟုခေါ်ပြီး စကောကရင်ဘာသာစကားဖြင့် "အော်ဘွှ"ဟုခေါ်ကြသည်။ ဤရိုးရာဓလေ့သည် နတ်များကို ပသသောဓလေ့မဟုတ်ပဲ သေဆုံးပြီးသောမိဘ၊ ဘိုးဘွား တို့၏ ဝိညာဉ်ကို ပြန်လည်ပူဇော်ပသခြင်းပင်ဖြစ်သည်။

သေဆုံးပြီးသောမိဘ၊ ဘိုးဘွားတို့တွင် "ဝိန္ဓေးဂါးလာန္ဓေးဂါ" ဟုခေါ်သော ဝိညာဉ်ခုနှစ်ပါးရှိသည်ဟု ယုံကြည်ကြ၏။ ထိုဝိညာဉ်ခုနှစ်ပါးတို့သည် အကျွတ်တရားရသော ဝိညာဉ် ရှိသကဲ့သို့ အကျွတ်တရားမရပဲ ဝေ့တလည်လည်ဖြစ်နေ ရသော ဝိညာဉ်လည်းရှိကြောင်း ယုံကြည်ယူဆထားကြ၏။ မည်သို့ပင်ဆိုစေ ပိုးကရင်တို့သည် တမလွန်ဘဝတွင် ရောက်ရှိနေကြသော မိဘဘိုးဘွားတို့၏ ဝိညာဉ်ကို တစ်နှစ်တစ်ကြိမ် စားဖွယ်သောက်ဖွယ်များဖြင့် ပူဇော်ပသ ကြပြီး မိမိတို့နှင့်အတူတကွ ပြန်လာ၍ စားသောက်ကြပါရန် ရိုးရာပူဇော်ပွဲတစ်ရပ် လုပ်ဆောင်ကြခြင်းသာဖြစ်သည်။

မိဘဘိုးဘွားတို့၏ ဝိညာဉ်ပူဇော်ပသရာတွင် ဦးစီးဦးဆောင်လုပ်ရသူမှာ အိမ်ရှင်မသာဖြစ်၏။ အဘယ့် ကြောင့်ဆိုသော် ကရင်တို့သည် ဆွေမျိုးသွေးသားတော်စပ် ခြင်းတွင် မိခင်အနွယ်ဝင်ဘက်မှသာ တွက်ယူကြသော ဓလေ့ (Martriarchal) ကြောင့်ဖြစ်၏။ မိခင်သာလျှင် အိမ်ထောင်ဦးစီး ကွပ်ကဲသူအဖြစ်ထားသော ဓလေ့ရှိခဲ့သည်။ ထို့ကြောင့် ပိုးကရင်ကို "မူးထိုက်" (မိုထိ)ဟူ၍ ယခုတိုင် ခေါ်ဝေါ်လျှက်ရှိကြ၏။ မိန်းကလေးတစ်ယောက် အိမ်ထောင်

ကျပြီဆိုလျှင် မိမိသည် အိမ်ထောင်ကျသည့်နေ့မှစ၍ မိမိတို့ အိုးအိမ်တွင် ရိုးရာပူဇော်ပွဲကို ဦးဆောင်သွားရမည် ချည်းသာဖြစ်သည်။

ပိုးကရင်သည် မိဘနှစ်ပါးကို တရိုတသေ လေးစား၍ နေစဉ်ပြုစုကြ၏။ နှစ်စဉ်တိုင်းနှစ်တိုင်း နေကောင်းရက်မြတ်တွင် မိဘတို့ထံပြန်လာ၍ စားဖွယ်သောက်ဖွယ်များဖြင့် လည်းကောင်း၊ စန္ဒကူးနံ့သာရည် အမွေးအကြိုင်တို့ဖြင့် လည်းကောင်း မိဘတို့ကို ပူဇော်ကန်တော့ကြ၏။ မိဘများ အသက်ရှင်ချိန်တွင်သာ ရိုသေလေးစားကြသည် မဟုတ်ပဲ ဘဝတစ်ပါးသို့ပြောင်းသွားသော မိဘတို့ကို နှစ်ပေါင်း မည်မျှပင် ကြာညောင်းသွားစေကာမူ မမေ့မလျော့ နှစ်စဉ် နှစ်တိုင်းပင် မိဘတို့၏ ဝိညာဉ်ကို ပူဇော်ကန်တော့ကြ သည်။ မိဘတို့၏ ဝိညာဉ်ကို စားဖွယ်သောက်ဖွယ်တို့ဖြင့် ပူဇော်ပသလျှက် မိမိတို့အသက်ထက်ဆုံး နှစ်တိုင်းပင် ကန်တော့ကာ ပြုစုစောင့်ရှောက်ကြရလေသည်။

မိဘတို့ကို ရိုသေကြသကဲ့သို့ မိမိတို့သားသမီးများ ကိုလည်း လွန်စွာခင်တွယ်တတ်ကြသည်။ မိမိတို့၏ သားသမီးများ အိမ်ထောင်ခွဲ၍ မိသားစုကွဲကွာသွားမည်ကို လွန်စွာစိုးရိမ်ကြသည်။ မိသားစုအနွယ်ဝင် အိမ်ထောင်စုများ တကွဲတပြား သီးခြားဖြစ်သွားမည်ကို လွန်စွာစိုးရိမ်သည်။ သားသမီးတို့ကလည်း အိမ်ထောင်ပြုကြပြီး တောင်ယာ လုပ်ငန်းများ လုပ်ကိုင်စားသောက်ကာ အိုးသစ်အိမ်သစ်ကို တည်ထောင်ကြ၏။ ဤသို့ဖြင့်တောင်ယာများကို ရွှေ့ပြောင်း လုပ်ကိုင်ယင်း မူရင်းအိမ်ထောင်ဖြစ်သော မိဘတို့နှင့် တစ်ဖြည်းဖြည်း ဝေးကွာလာခဲ့ကြသည်။





ဤသို့သားသမီးများနှင့် ဝေးကွာလာခဲ့သဖြင့် တစ်နှစ်တစ်ကြိမ် သားသမီးများနှင့်အတူ ပြန်လည်ဆုံဆည်းနိုင်ရန် နှစ်စဉ်မိုးဦးကျ နှစ်ပတ်လည်ရောက်၍ ကွယ်လွန်သွားသော မိမိတို့၏ မိဘဝိညာဉ်ကို ပူဇော်ပသရန် အချိန်ရောက်တိုင်း အဝေးသို့ရောက်ရှိနေကြသော သားသမီးများကို ခေါ်ယူ၍ မိမိတို့နှင့်အတူ ဘိုးဘွားဝိညာဉ်ကို ပါဝင်ပူဇော်ပသစေ၏။ ဤသို့ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်ကျ မိမိတို့၏ မိသားစုတို့အား မျက်နှာစုံညီဖြင့် ဝမ်းပန်းတသာ ပြန်လည်ဆုံဆည်းခွင့် ရကြလေသည်။

သားသမီးနှင့်တကွ မြေးမြစ်တို့ အကုန်စုရုံးရောက်ရှိလာသောအခါ ညနေစောင်းတွင် မိဘတို့၏ ဝိညာဉ် (သားသမီးတို့အနေဖြင့် ဘိုးဘွားတို့၏ဝိညာဉ်)ကို ပူဇော်ပသကြသည်။ မိဘ၏ဝိညာဉ်အတွက် ချက်ထားသော ထမင်းနှင့်ဆားမပါပြုတ်ထားသော ဝက်သားကို သစ်သားဖြင့်ပြုလုပ်ထားသောဖျပ်တွင် ရေတစ်ခွက်နှင့်အတူ ထည့်ထားသည်။ ထိုအခါ အရပ်ရပ်မှစုရုံး ရောက်လာကြသော မိသားစုအဖွဲ့ဝင်တို့သည် ဖျပ်ကိုပတ်ပတ်လည်ဝိုင်း၍ ထိုင်ကြ၏။ ထို့နောက် တမလွန်ဘဝသို့ ရောက်ရှိနေသော မိဘ၏ဝိညာဉ်ကို ခေါ်လေသည်။

ခေါ်ပုံမှာ "တမလွန်ဘဝသို့ ရောက်ရှိနေသော မိဝိညာဉ် ဖဝိညာဉ်တို့ ယနေ့ညတွင် သားသမီးတို့ဆီသို့ ပြန်လာ၍ သားသမီးတို့ ပူဇော်ပသသော စားဖွယ်သောက်ဖွယ်ဖြစ်သည့်ဝက်သား၊ ဝက်သည်းတို့ကို လာရောက်သုံးဆောင်တော်မူကြပါ" ဟူ၍ အဓိဋ္ဌာယ်ရပါသည်။ ထိုသို့ ရွတ်ဖတ်ဖိတ်ခေါ်ပြီးသည်နှင့် မိဘတို့ဝိညာဉ် ရောက်လာ

ပြီးဟုယုံကြည်ကြသည့်အတိုင်း ရေထည့်ထားသောခွက်ကို ယူကာ တမလွန်ဘဝသို့ ရောက်နေသောမိဘတို့ကို ရည်စူး၍ စားဖွယ်သောက်ဖွယ် မစားမီလက်ဆေးပါရန် ရွတ်ဖတ်ပြောဆိုရ၏။ ထို့နောက်တည်ခင်းထားသော စားဖွယ်သောက်ဖွယ်များကို စားပါရန်နှင့် စားသောက်ပြီးလျှင် ရေသောက်ပါရန် ရွတ်ဖတ်ပြောဆိုရပြန်သည်။

မိဘဝိညာဉ်ကို ကျွေးမွေးပြီးသော် အိမ်ထောင်ဦးစီးဖြစ်သူ(အဖေနှင့်အမေ)နှစ်ဦးက အနည်းငယ်စီ ဝက်သားကို ဖဲ့စားရ၏။ ဆက်လက်၍ ရိုးရာပူဇော်ပွဲတွင် ပါဝင်သူအားလုံး ကြီးစဉ်ငယ်လိုက် အနည်းငယ်စီ ဝက်သားကို ဖဲ့စားပြီးသော် ခွက်ထဲမှရေကို တစ်ယောက်အနည်းငယ်စီ သောက်ကြပြန်သည်။ မိသားစုဦးရေများသဖြင့် ဗျပ်ထဲတွင် ထည့်ထားသောထမင်းနှင့် ဝက်သားဟင်းမှာ တလင်းပြောင်သွားတော့သည်။

မိဘတို့၏ဝိညာဉ် (သားသမီးများအတွက် ဘိုးဘွား၏ဝိညာဉ်ကို) ပူဇော်ပသရာတွင် စကားမပြောရပဲ တိတ်ဆိတ်စွာနေရသည်။ ကလေးများဆော့ခြင်း၊ လှုပ်ရှားဆူညံခြင်းမပြုရပေ။ စိတ်ချမ်းချမ်းသာသာဖြင့် ပျော်ရွှင်ဆိတ်ငြိမ်စွာ နေရလေသည်။

အိမ်ထောင်ဦးစီးဖြစ်သူမိခင်သည် ရောက်လာသော သားသမီးမြေးမြစ်အားလုံးတို့အား ခိုင်ခံ့စွာကျစ်ထားသော ချည်ဖြင့် သီကုံးထားသည့်ရွှေစငွေစကို တစ်ယောက်တစ်ကုံးစီ အသီးသီးဆွဲပေးလေသည်။ ဤသို့ ရွှေကြိုးငွေကြိုးကို လည်တွင် ကိုယ်စီဆွဲထားပြီးလျှင် ထိုညအဖို့ ရိုးရာပူဇော်ခြင်း အစီအစဉ် ပြီးဆုံးသွားပါသည်။ သို့သော်

ထိုညတွင် အခြားနေရာသို့ သွားရောက်အိပ်စက်ခြင်း မပြု ရပဲ အိမ်တွင်သာ တစုတရုံးတည်း အိပ်ကြရမည်သာ ဖြစ်ပေသည်။ ဤညအတွက် ဘိုးဘွား၏ဝိညာဉ်ကို ပူဇော် ကန်တော့ခြင်းမှာ အမေဘက်မှ အဘိုးနှင့်အဘွားတို့၏ ဝိညာဉ်ကို ပူဇော်ကန်တော့ခြင်းဖြစ်၏။

နောက်တစ်နေ့ ညဘက်ရောက်သော် ဖခင်ဘက်က အဘိုးအဘွားတို့၏ ဝိညာဉ်ကို ယခင်နေ့ညအတိုင်း ပူဇော်ကန်တော့ရပြန်သည်။ ပိုးကရင်တို့သည် မိခင်ကို အိမ်ထောင်ဦးစီး ကွပ်ကဲသူအဖြစ်ထားသော မိခင်အနွယ် "မူးထိုက်"(မိုထိ) ဖြစ်သောကြောင့် မိခင်ဘက်မှ ဘိုးဘွား တို့၏ဝိညာဉ်ကို အစဦးဆုံး ပူဇော်ပသခြင်းဖြစ်၏။ ဖခင်ဘက်မှ ဘိုးဘွားတို့၏ ဝိညာဉ်ကို ပူဇော်ပသပြီးသော် ယခင်ညကအတိုင်း အိမ်၌ တစုတရုံးတည်း အိပ်ကြရပြန် သည်။ ထိုညရိုးရာ ပူဇော်ပွဲပြီးသော် ယခင်နေ့ ရိုးရာပူဇော် ပွဲတွင် ပါဝင်သောမိသားစုအားလုံးကို ရွှေကြိုး ငွေကြိုး တစ်ကုံးစီ ဆွဲပေးရပြန်သည်။

ဤသို့ မိခင်ဘက်မှ ဘိုးဘွားတို့၏ ဝိညာဉ်အတွက် တစ်ည၊ ဖခင်ဘက်မှ ဘိုးဘွားတို့၏ ဝိညာဉ်ကို တစ်ည ထမင်းနှင့်ဝက်သားပြုတ်ကို ကျွေးပြီးပူဇော်ပသသော လုပ်ငန်း ပြီးဆုံးသွားသောအခါ ရိုးရာပူဇော်ပွဲ (နတ်စား) ကိစ္စများ ပြီးစီးသွားတော့သည်။ နောက်နေ့တွင် သားသမီးတို့သည် မိမိနေအိမ်ရှိရာ တောင်ယာလုပ်ငန်းခွင် အသီးသီးသို့ ပြန်သွား ကြရလေသည်။

တစ်နှစ်ကုန်၍ နောက်တစ်မိုးကျပြန်သော် ယခင် အတိုင်းပင် သားသမီးတို့သည် မိဘတို့၏ အိမ်သို့ပြန်လာကာ

ရိုးရာပူဇော်ပွဲကို ပြုလုပ်ကြပြန်ပါသည်။ ဤနည်းအတိုင်းပင် ပိုးကရင်တို့သည် ရိုးရာပူဇော်ပွဲ(နတ်စား)ကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်သွားကြ၏။ မိဘနှစ်ပါး သေဆုံးပြန်သော် သားသမီး တို့သည် မိဘတို့လုပ်ခဲ့သော ရိုးရာပူဇော်ခြင်းဓလေ့ကို ကိုယ့်အိမ်သို့ အသီးသီးယူဆောင်သွားကြကာ မိမိတို့၏ အိမ်ထောင်စုတွင် မိမိတို့ကိုယ်တိုင် ပြန်လည်ဦးစီး၍ ဘိုးဘွားစဉ်ဆက် ဆက်လက်လုပ်ဆောင် သွားကြရမည်သာ ဖြစ်သည်။

ဤကဲ့သို့ နှစ်ရှည်လများ ရိုးရာပူဇော်ပွဲကို ပိုးကရင် တို့သည် ရှေးပဝေသဏီကပင် ထိန်းသိမ်းစောင့်ရှောက်ကာ တရိုတသေလုပ်ဆောင်လာခဲ့ကြသည်။ နောက်ပိုင်းတွင် စီးပွားရေးအရလည်းကောင်း၊ အခြားသောအကြောင်းများ ကြောင့်သော်လည်းကောင်း ရိုးရာပူဇော်ပွဲ လုပ်ဆောင်ကြ ရာတွင် ဝက်အစား ကြက်ကို အသုံးပြုလာကြသည်။ ကြက်မှ တစ်ဖန်လျှော့၍ ငါး၊ ငါးမှ တဖန်လျှော့၍ ထမင်း၊ ကောက်ညှင်း၊ ခေါပုဉ်၊ နောက်ဆုံးအဆင့်မှာ ထမင်းနှင့် နှမ်းလှော်တို့ဖြင့်သာ ပူဇော်ပသကြတော့ကြောင်း တွေ့ရှိ ရသည်။ ဓနအင်အားကောင်းသူများက ဝက်၊ ကြက်တို့ဖြင့် လုပ်ဆောင်နိုင်ကြသော်လည်း ဆင်းရဲနွမ်းပါးသူများကမူ ငါး၊ ထမင်း၊ ကောက်ညှင်း၊ ခေါပုဉ်၊ ထမင်းနှင့် နှမ်းလှော် တစ်မျိုးမျိုးဖြင့်သာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ရှေးယခင်ကာလတွင် ရွှေ ငွေများပေါသဖြင့် ရိုးရာ ပူဇော်ပွဲတွင် ပါဝင်သူ မိသားစုအားလုံးကို ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးတို့ကို တစ်ကုံးစီ ဆွဲပေးနိုင်သော်လည်း နောက်ပိုင်းတွင် ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးတို့ကို မဆွဲပေးနိုင်

တော့ပေ။ ရွှေအစား မီးသွေးကိုလည်းကောင်း၊ ငွေအစား မှိုကိုလည်းကောင်း အစားထိုးကာ အဝတ်စဖြင့် ချည်၍လည်တွင် တစ်ယောက်တစ်ကုံးစီ ဆွဲပေးကြသည်။

ယနေ့တိုင်အောင် မိဘတို့၏ဝိညာဉ်ကို ပူဇော်ပသသော ရိုးရာပူဇော်ပွဲ လုပ်ဆောင်ရာတွင် ဝက်ဖြင့် ပူဇော်ပသသူ အချို့ရှိသေး၏။ အချို့မှာ ကြက်ဖြင့်လည်းကောင်း၊ အချို့မှာ ကောက်ညှင်းဖြင့်လည်းကောင်း၊ အချို့မှာ ထမင်းဖြူ နှမ်းဖြူဖြင့်လည်းကောင်း၊ တစ်နေရာနှင့် တစ်နေရာ၊ ဒေသတစ်ခုနှင့် တစ်ခု ကွဲပြားခြားနား လာကြသည်။

အချို့သော သူတို့မှာ ကရင်လူမျိုးတို့၏ ရိုးရာပူဇော်ပွဲ (နတ်စား) ဓလေ့ကို နတ်တို့အား စားသောက်ဖွယ်ရာတို့ဖြင့် ပူဇော်ပသသည်ဟူ၍ ထင်ယောင်ထင်မှား ဖြစ်နေကြ၏။ စင်စစ်မှာ ပိုးကရင်ဘာသာ စကားအခေါ်အဝေါ် "အောင်းဃယ်"သည် လူအများယူဆနေကြသောနတ် တစ်မျိုးကို အစားအသောက်ဖြင့် ပူဇော်ပသခြင်း မဟုတ်ပေ။ အရပ်ရပ်သို့ တစ်ကွဲတစ်ပြား ရောက်ရှိနေ ကြသော ဆွေမျိုးသားချင်းတို့အား ပြန်လည်ဆုံဆည်း စေလို၍ လည်းကောင်း၊ တမလွန်ဘဝသို့ ရောက်သွားကြသော မိဘတို့၏ ကျေးဇူးကို အောက်မေ့တသ ရည်စူး၍ လည်းကောင်း၊ သားသမီး ဆွေမျိုးသားချင်းအားလုံးကို တစ်စုတစ်ရုံးတည်းခေါ်၍ မိဘတို့၏ ဝိညာဉ်ကို ပူဇော် ပသကာ မိဘအားရည်စူး၍ စားသောက်ဖွယ်တို့ဖြင့် ပူဇော်ပသခြင်းသာဖြစ်သည်။

မိမိတို့၏ ဆွေမျိုးသားချင်းများ တစ်စည်းတစ်လုံး တစ်ညီတစ်ညွတ်တည်း ဖြစ်စေလိုသော ဆန္ဒဖြင့်

လည်းကောင်း၊ မိဘတို့၏ ကြီးမြတ်လှသော ဂုဏ်ကျေးဇူးကို ရည်စူး၍လည်းကောင်း ဓလေ့ထုံးတမ်းတစ်ရပ်အနေဖြင့် လက်ခံကျင့်သုံးကြသော ပိုးကရင်တို့၏ "အောင်းဃယ်" ခေါ် ရိုးရာပူဇော်ပွဲ ဓလေ့ကို ကမ္ဘာကြီးတည်နေသရွေ့ ဆက်လက် ကျင့်သုံးနေကြမည်သာတည်း။

# ကရင်ဓလေ့ အိမ်သစ်တက်မင်္ဂလာ

လူမျိုးတိုင်းတွင်အိမ်သစ်ဆောက်လုပ်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းရှိသည့်အခါ အိမ်တက်မင်္ဂလာ ပြုလုပ်လေ့ရှိသလို အရှေ့ပိုးကရင်လူမျိုးတို့သည်လည်း အိမ်သစ်များ ဆောက်လုပ်ပြီးသည့်အခါ ရိုးရာဓလေ့အတိုင်း အိမ်တက်မင်္ဂလာကို ပြုကြလေ့ရှိသည်။ ယင်းကို အရှေ့ပိုးကရင်စကားဖြင့် **"ထောင်းဟိန်းသောင့်"** ဟူ၍ ခေါ်ကြသည်။

အရှေ့ပိုးကရင်လူမျိုးတို့၏ အိမ်သစ်တက်မင်္ဂလာ ကျင်းပရာတွင် တစ်ဒေသနှင့် တစ်ဒေသ၊ တစ်ရွာနှင့်တစ်ရွာ ကျင်းပပုံချင်း အနည်းနှင့်အများ ကွဲပြားမှုရှိကြသည်။ အချို့သောဒေသတွင် ရှေးဟောင်းဓလေ့အရ အိမ်သစ်တက်မင်္ဂလာကျင်းပသည့်နည်းမျိုး ပပျောက်သလောက် နည်းပါးလျက်ရှိပြီး နီးစပ်ရာယဉ်ကျေးမှုနှင့် ရောနှော၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်းလည်းရှိပေသည်။ဤနေရာတွင် ရှေးကရင်လူကြီးများ ကျင်းပလေ့ရှိသော အိမ်သစ်တက်မင်္ဂလာပွဲတစ်ခုကို ရေးသားဖော်ပြအပ်ပါသည်။

အရှေ့ပိုးကရင်လူမျိုးများတွင် ကွယ်လွန်သူ ဘိုးဘွားမိဘတို့၏ ဂုဏ်ကျေးဇူးကို ပူဇော်ကျွေးမွေးသော **"အောင်းဟှယ်"**ဟူသော ရိုးရာတစ်ရပ်ရှိသည်။ မိဘနှစ်ဦးလုံး ကွယ်လွန်ပြီးနောက်ပိုင်းတွင် အိမ်ဟောင်းကို ဖျက်၍ အိမ်သစ်ဆောက်လုပ်ကြလေ့ရှိသည်။ နောက်ထပ်မံ၍ ဆောက်သောအိမ်များသည် ဝါးများ၊ တောသစ်များဖြင့်သာ ဆောက်လုပ်နိုင်ကြ၍ ကြာရှည်ခိုင်ခံ့ခြင်းမရှိဘဲ မကြာမကြာ

အိမ်သစ်ပြန်လည် တည်ဆောက်ရပြီး အိမ်သစ်တက် မင်္ဂလာလည်း မကြာမကြာ ပြုကြရလေသည်။

အရှေ့ပိုးကရင်လူမျိုးများ အိမ်ဆောက်ရာတွင် အိမ်ရှေ့မျက်နှာစာကို တောင်ဘက်အရပ်၊ အရှေ့ဘက် အရပ်တို့တွင် ဆောက်လေ့မရှိချေ။ အရှေ့အရပ်သည် နေထွက်ရာအရပ်ဖြစ်၍ ရိုသေလေးစားရသော အရပ်ဖြစ်သောကြောင့် အိမ်ရှေ့မျက်နှာစာ မထားအပ်ပေ။ တောင်ဘက်အရပ်သည် ခေါင်းရင်းအရပ်ဖြစ်သောကြောင့် အိမ်ရှေ့မျက်နှာစာ မထားထိုက်ဟု ယူဆကြသည်။ သို့ကြောင့် ရှေးကရင်လူမျိုးတို့က တောင်ဘက်အရပ်နှင့်အရှေ့ဘက်အရပ်ကို ခေါင်းရင်းထားအပ်သော အရပ်အဖြစ်သတ်မှတ်ကြသည်။

အိမ်သစ်ဆောက်လုပ်ရာတွင် ဥရုတိုင်ကို အရှေ့တောင်ထောင့်အစွန်းတွင်စိုက်ထူကြသည်။ ထို့သို့ တိုင်ထူပြီးနောက် အလယ်တိုင်တစ်တိုင်၏ အောက်ခြေတွင် နှီးနှစ်ပင်ကို မြက်ကွက်ဖော်နည်းဖြင့် သုံးမြောင်းဖြစ်အောင် ရက်လုပ်ပြီး လူခါးတစ်ရပ်ခန့် အမြင့်ရှိအိမ်တိုင်တွင် ကပ်ချည်ထားလိုက်သည်။ ထို့နောက် ဝါးရင်းတုတ်တစ်ချောင်းကိုလည်း တွဲ၍ ချည်နှောင်ထားလိုက်သည်။

ထိုသို့ပြုပြီးနောက် ပိုးကရင်ဘာသာဖြင့် **“ဒိုခါပောအောင်းခိုလား ဟိန်းအေခန့်ဝေ့”** ဟူ၍ ဆုတောင်းစကားပြောဆိုရသည်။ အဓိပ္ပာယ်မှာ ကုမ္ဘဏ်ကြီးရေ၊ အိမ်ကို ခိုင်ခံ့အောင် စောင့်ရှောက်ပါလော့ဟူ၍ ဖြစ်၏။

အရှေ့ပိုးကရင်တို့၏ ရပ်ရွာဓလေ့အတိုင်း အိမ်ကို ဆောက်လုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး စုပေါင်းကူညီ ဆောက်လုပ်ပေးလေ့ရှိသည်။ နေ့ချင်းပေါက် ပြီးမြောက်

ပါက အိမ်ရှင်ယောကျ်ားက ဆောက်လက်စ အိမ်ပေါ်တွင် စပါးတစ်တောင်း၊ ဓားတစ်လက်၊ ပလိုင်းနောက်လွယ် သို့မဟုတ် နှစ်ဆရှိသော ဝါးကျည်တောက်တွင် အိမ်သုံး ကိရိယာထည့်ပြီး တင်ထားရသည်။ ထို့နောက် ရေအိုး တစ်လုံး၊ ဓားသွေးကျောက်များတင်ပြီး အိမ်ပေါ်သို့ တက်ရောက်အိပ်ရသည်။ ထို့သို့ပြုလုပ်ခြင်းကို ကရင်ဘာသာ အားဖြင့် **"မီဆောက်ဟိန်း"** ဟုခေါ်သည်။

အိမ်ကို အားလုံးဆောက်လုပ်ပြီးသောအခါ ညနေ ဆည်းဆာချိန်တွင် အိမ်သစ်တက်မင်္ဂလာ ပြုလုပ်ရလေ သည်။ အိမ်သစ်ဆိုသည့်အတိုင်း အိမ်ပေါ်တွင် ရေအိုးအသစ်၊ ပန်းကန်ခွက်ယောက်အသစ်၊ နောက်ဆုံး ယောက်မအသစ် စသည့် ပြည့်စုံစွာတင်ထားရသည်။ အိမ်၏ ဥရူတိုင်ကိုလည်း သပြေရွက်ဆုပ်ဖြင့် ချည်ထားရသည်။

ထိုသို့ပြုပြီးသော်အိမ်ရှေ့တွင် နှစ်ဆစ်ပိုင်းဝါးကျည် တောက်ခွက်ကိုချထားပြီး ရေနှင့်ကျောက်ခဲများကို ထည့် ထားရသည်။ ပြီးသော် **"ရှူးလားဘေထီ-အောကုံလာဘေလုံး" "ရေကဲ့သို့ အေးချမ်း၍ ကျောက်ကဲ့သို့ စုစည်းပါစေ"** ဟူ၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသည်။

အိမ်ပေါ်သို့ ဦးစွာတက်ရောက်ရန် ဖိတ်ကြားထားသော လင်စုံမယားစုံတစ်ကွဲက ရေခွက်တွင်ခြေဆေးပြီး တက်ရ သည်။ ပြီးနောက်တွင် အိမ်ရှင်ယောကျ်ားက ဦးဆောင်၍ ဇနီးသားသမီးများက အစဉ်အတိုင်း တက်ကြရသည်။ ယင်းနောက်တွင် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ မိတ်ဆွေအပေါင်းအသင်းများက ရေခွက်တွင် ခြေကို စင်ကြယ်အောင်ဆေးကြော၍ တက်ကြရသည်။

အိမ်ပေါ်သို့ အားလုံးရောက်ပြီးသောအခါ ဦးစွာ တက်ရောက်သော လင်စုံမယားစုံတို့က အိမ်၏ ခေါင်းရင်းကို နံ့သာရည်ဖြင့် သပြေခွက်ကိုယူပြီး ပက်ဖျန်းပေးရသည်။ ထို့နောက် အိမ်ရှင်လင်မယား ပက်ဖျန်းပြီးသော် လူကြီးသူမများက နံ့သာရည်ခွက်ကိုယူပြီး အသီးသီး ပက်ဖျန်းကြကာ **"ဤအိမ်တွင် နေသမျှကာလပတ်လုံး ဘေးအန္တရာယ်ရောဂါကင်း၍ ကျန်းမာစေသား၊ ကြီးပွားတိုးတက်ပါစေသား၊ မိသားစုပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ပါစေသား"** ဟူသောအဓိပ္ပာယ်သက်ရောက်သည့် စကားများကို ဆုတောင်း ပေးကြသည်။

ထိုသို့ ဆုတောင်းပြီးနောက် တတ်အားသမျှ လက်ဖက်ရည်၊ ထမင်းဟင်းတို့ဖြင့် အိမ်ရှင်က ဧည့်ခံ ကျွေးမွေးလေသည်။ အချို့သောဒေသတွင် အရက်ဖြင့် ဧည့်ခံပြီးနောက် စားကောင်းသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလေသည်။ အချို့သော အိမ်ရှင်များက ရိုးရာဓလေ့ အတိုင်းအိမ်ပေါ်၌ အရက်သေစာ မတင်ရသော ပညတ် ထားချက်အရ အရက်တင်၍ မရသောအိမ်၌ ထမင်း၊ လက်ဖက်ရည်တို့ဖြင့်သာ ဧည့်ခံကြလေသည်။ ထို့နောက် တက်ရောက်လာသော လူကြီးသူမများက အိမ်ရှင် လင်မယား မိသားစုအား ဩဝါဒဆုံးမစကားများ ပြောကြားပြီး ပြန်ကြ လေသည်။ ယင်းမှာ ရှေးကရင်လူမျိုးတို့၏ အိမ်သစ်တက် မင်္ဂလာကျင်းပခြင်း အစီအစဉ်တစ်ရပ်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် အချို့သောသူတို့က ရှေးထုံး စဉ်လာအတိုင်း လိုက်နာပြုကျင့်လေ့ရှိသော်လည်း အချို့က

အိမ်သစ်တက် ဆွမ်းကျွေးအလှူပေးခြင်း၊ ပရိတ်တရား နာခြင်း စသည့်ဖြင့် ပြုကြသည်လည်းရှိသည်။

မည်သို့ပင်ဖြစ်စေ၊ ရိုးရာယဉ်ကျေးမှုဓလေ့အရ အရိုးကို အရွက်မဖုံးစေလိုသည့် သဘောဖြင့် ပိုးကရင်လူမျိုးတို့၏ ပြုမြဲဖြစ်သည့် အိမ်သစ်တက်မင်္ဂလာ တည်တံ့နေခြင်းသည်ကား လေးစားဖွယ်ပင် ဖြစ်ရပါသည်။

# ခူမီး(ချင်း) လူမျိုးတို့၏ နှစ်သစ်ကူးပွဲတော်

ခူမီး(ချင်း) လူမျိုးတို့သည် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်ဖြစ်ရာ တောင်ယာ နတ်ပူဇော်ခြင်း၊ ကောက်သစ်စားပွဲ၊ တအိုက်စားပွဲ(ခ) ကောက်သိမ်းပွဲနှင့် နှစ်သစ်ကူးပွဲစသည်ဖြင့် အချိန်ရာသီ အလိုက် ပွဲတော်များကို ကျင်းပကြလေသည်။ ခူမီး(ချင်း) ဘိုးဘေးတို့သည် နက္ခတ်တာရာများနှင့် နေ့ရက်၊ လအမည် များကိုသတ်မှတ် မှည့်ခေါ်ကြရာ၌ လအမည်များကို အောက်ပါ အတိုင်းမှည့်ခေါ်ကြပေသည်။

| စဉ် | အစဉ်လိုက် | ခူမီးလအမည် | အင်္ဂလိပ်လအမည် | မြန်မာလအမည် |
|---|---|---|---|---|
| ၁ | နှစ်ဆန်း/ပထမ | လီလုလို(Lilu Lo) | ဒီဇင်ဘာလ | နတ်တော်လ |
| ၂ | ဒုတိယလ | တရမ်လို(Tara mo) | ဇန်နဝါရီလ | ပြာသို |
| ၃ | တတိယလ | ဒီတိုးလို(9dito Lo) | ဖေဖော်ဝါရီ | တပို့တွဲလ |
| ၄ | စတုတ္ထလ | ဒီပွီးလို(Dipui Lo) | မတ်လ | တပေါင်းလ |
| ၅ | ပဥ္စမလ | ပရောက်လို(Parau) | ဧပြီလ | တန်ခူးလ |
| ၆ | ဆဋ္ဌမလ | ဆမ်မောက်လို(Sau Lo) | မေလ | ကဆုန်လ |
| ၇ | သတ္တမလ | ပေါက်ဟူလို(Pauu Lo) | ဇွန်လ | နယုန်လ |
| ၈ | အဋ္ဌမလ | ပရိုက်လို(Parai Lo) | ဇူလိုင်လ | ဝါဆိုလ |
| ၉ | နဝမလ | ကောက်လို(Kau Lo) | ဩဂုတ်လ | ဝါခေါင်လ |
| ၁၀ | ဒသမလ | ကာဖိုလို(Kapho Lo) | စက်တင်ဘာလ | တော်သလင်းလ |
| ၁၁ | ဧကဒသမလ | ကစ်လို(Kiep LO) | အောက်တိုဘာလ | သီတင်းကျွတ်လ |
| ၁၂ | ဒွာဒသမလ | တလန်ငွေလို(Tlang ngawi Lo) | နိုဝင်ဘာလ | တန်ဆောင်မုန်းလ |


KHUMI CHA HAWI HRIYA TANTHEN SANGUM KAMKAWM
Khumi Sancing Kangtha Apcang Pawi
ခူမီးနှစ်သစ်ကူးပွဲ
1-12-2020





ခူမီး(ချင်း)လူမျိုးတို့သည် နှစ်ဆန်းပထမလကို လီလုလို(Lilu Lo)ဟုခေါ်၍ အင်္ဂလိပ်တွင် ဒီဇင်ဘာလနှင့် မြန်မာ၌ နတ်တော်လနှင့်တူညီပြီး နှစ်ကုန်လမှာ တလန်ငွေလို(Tlang ngawi Lo)ဖြစ်၍ သင်္ချိုင်းပွဲကို ကျင်းပကာ တစ်နှစ်တာ ကုန်ဆုံးလေသည်။ သို့ဖြစ်၍ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ တောင်ယာခုတ်ထွင်ခြင်း၊ မတ်လတွင် တောင်ယာမီးရှို့ပြီး ဧပြီလတွင် စပါးနှင့် သီးနှံမျိုးစုံတို့ကို တောင်ယာတွင် မျိုးစေ့ချ၍ စိုက်ပျိုးကြသည်။ မိုးတွင်းကာလ၌ တောင်ယာပေါင်းမြက် ရှင်းလင်းပြီး တောင်ယာစပါး ဝင်းမှည့်လာလျှင် ကောက်သစ်စားပွဲ ကျင်းပ၍ စပါးများကို ရိတ်သိမ်းလေသည်။

ခူမီး(ချင်း)လူမျိုးတွင် နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်း ပုံပြင်တစ်ပုဒ်ရှိခဲ့သည်။ ရှေးအခါက လုလင်ပျို “လောင်ဒန်” (Leaung Dyhn) နှင့် လုံမပျို “အင်လုံ” (Ang Leung) တို့မှာ သမီးရည်းစားဘဝဖြစ်၍ မြစ်ချောင်း၏သောင်ပြင်၌ ငါးဖမ်းကြပြီး တစ်ဦးကိုတစ်ဦး ချစ်မဝ၊ ရှုမဝဖြစ်ကြလေသည်။ ထိုအချိန်တွင် ဖခင်က လုံမပျို အင်လုံ၏ လက်မကို ဓားဖြင့်ခွဲပြီး သွေးထုတ်ကာ စပါးကျီအလယ်မှာသွေးကျသောကြောင့် လုံမပျိုအင်လုံသည် “စပါးကျီစောင့်နတ်” အဖြစ် ကူပြောင်းသွားရလေတော့သည်။

ညနေစောင်းအချိန်မှာ ချစ်သူ “လောင်ဒန်” သည် လုံမပျို “အင်လုံ” ကို “ညီမရယ် အိမ်ပြန်ကြရအောင်” ဟုခေါ်သောအခါ လုံမပျို “အင်လုံ” က “အဖေက ကျွန်မကို ကောက်သစ်စားပွဲ (ခ) စပါးကျီစောင့်နတ်အဖြစ် ပြောင်းလဲလိုက်ပြီဖြစ်လို့ ကျွန်မအိမ်ပြန်လို့ မရတော့ဘူး၊ စပါးကျီ

စောင့်နတ်ဘဝဖြင့် ရှင့်ဆီကို ကျွန်မလာခဲ့မယ်” ဟုဖြေကြား လေသည်။ လုံမပျို “အင်လုံ”က စပါးကျီစောင့်နတ်ဘဝဖြင့် လုလင်ပျို “လော်ဒန်” ကို မှာကြားခဲ့ရာ၌ ရှင်ဟာ အစား အသောက်ကျင့်စဉ်ကို ပြုလုပ်ပြီး ရှောင်ကြဉ်ပါ။ ဒီလို ကျင့်စဉ်ပြုလုပ်၍ စပါးကောက်သိမ်းပြီးတဲ့အခါမှာ တအိုက် စားပွဲကိုပြုလုပ်ကာ နှစ်သစ်ကူးပါ။ တအိုက်စားပွဲ (ခ) နှစ်သစ်ကူးမှာ ကျင့်စဉ်အဖြစ် ရှောင်ကြဉ်ခဲ့သမျှသော အသားငါး၊ အသီးအနှံများအားလုံးကို ပြန်လည်စားသုံးပါ” ဟူ၍ ဖြစ်သည်။

ထိုအခါ လုလင်ပျို “လောင်ဒန်”သည် ချစ်သူ“အင်လုံ” မှာကြားခဲ့သည့်အတိုင်း တအိုက်စားပွဲ(ခ) နှစ်သစ်ကူးပွဲကို ကျင်းပပြုလုပ်ခဲ့သောကြောင့် ထိုအချိန်မှစ၍ နှစ်သစ်ကူး ပွဲတော်ကို ခူမီး(ချင်း)လူမျိုးများ စတင်ကျင့်သုံးလာခဲ့ကြောင်း ရှေးခူမီး(ချင်း) လူကြီးသူမများက ဆိုကြလေသည်။

လုံမပျို “အင်လုံ” မှာစပါးကျီစောင့်နတ်ဖြစ်သွား သဖြင့် လုလင်ပျို“လော်ဒန်”သည် လူပျိုဘဝဖြင့် ၃နှစ် ၃မိုး နေထိုင်ခဲ့ပြီး အိမ်ထောင်ပြုရန် စဉ်းစားသောအခါ လုံမပျို “အင်လုံ” ကဲ့သို့ ချောမောလှပသူကို မတွေ့ရသောကြောင့် စပါးပွင့်ချိန်မှာ ပွင့်သောခတ္တာပန်း(Tleaung Sen Pau) ဘဝသို့ ကူးပြောင်းရန်ဆုပန်၍ လုလင်ပျို “လော်ဒန်”သည် ခတ္တာပန်းအဖြစ် ဘဝကူးပြောင်းသွားလေသည်။

အောက်တိုဘာလတွင် တအိုက်စားပွဲ (ခ) နှစ်သစ်ကူး ပွဲကို ပျော်ရွှင်စွာ ကျင်းပကြသည်။ သတ်မှတ်သည့် နေ့ရက်တွင် တအိုက်စားပွဲ(ခ)နှစ်သစ်ကူးပွဲကို ခူမီးလူမျိုး တို့သည် မြန်မာစကားတွင် “လှည်းနေလှေအောင်း မြင်း

စောင်းမကျန်” ဆိုသကဲ့သို့ အိမ်တိုင်းအိမ်တိုင်း အောက်ပါ အစီအစဉ်အတိုင်း ကျင်းပကြလေသည်။ တအိုက်စားပွဲ မတိုင်ခင် အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ထားကြရသည်။

(၁) အင်္ဂါစုံလင်သော အမဲရောင်ကကျန်း အဖိုအမ တစ်စုံကို ရှာဖွေထားရသည်။

(၂) ငါးရံ့ငါးနှစ်ကောင်ကိုလည်း ရှာဖွေထားရသည်။

(၃) ခေါင်ရည်များကို ခေါင်အိုးဖြင့် အသင့်ပြုလုပ်ထားရသည်။

(၄) ဆန်မုန့်အနှစ်ရည်ပက်ဖြန်းရာ၌ အသုံးပြုရန် အတွက် အန်စန် (Angchang) နွယ်ပင်အညွန့်၊ ဘောင်နိန်း(Heing Kaseaung) အညွန့်တို့ကို စုဆောင်းထားရှိရသည်။

တအိုက်စားပွဲနေ့ရက်တွင် အမဲရောင်ကကျန်း အဖို အမ တစ်စုံနှင့်ငါးရံ့ ငါးနှစ်ကောင်ကို ရေလုံပြုတ်၍ ချက်ရသည်။ ငပိ၊ ဆားလုံးဝမထည့်ရချေ။ အခြားဟင်းလျာ များကို ငပိ၊ ဆားထည့်၍ ချက်နိုင်သည်။နံနက်စာမစားမီ ထမင်းခူးထားသော လင်ပန်း(Bikheaung) အလယ်တွင် ကကျန်းနှင့် ငါးရံ့ရေလုံပြုတ် ဟင်းခွက်ကိုလည်းကောင်း၊ အခြားဟင်းချက်များကိုထားရှိပြီး ငှက်ပျောရွက်ဖြင့် ဖုံးအုပ် ထားရသည်။ အိမ်ရှင်အမျိုးသားသည် ဆန်မုန့်အနှစ်ရည်တွင် အန်စန်၊ ဘောင်နိန်းနှင့် အမြစ်မ်းပန်းပင်အညွန့်တို့ကို နှစ်၍ နေအိမ်အနောက်ဘက် မျက်နှာစာနေရာမှ နေအိမ် ရှေ့ဘက်မျက်နှာစာသို့ ဆန်မုန့်အနှစ်ရည်ကို ပက်ဖြန်းလျက် “နတ်ကောင်းနတ်မြတ်များ ဝင်ရောက်လာပါ၊ မင်္ဂလာ အပေါင်းလည်း ဝင်ရောက်လာကြပါ”ဟု မြွက်ဆိုရလေသည်။

ထိုသို့ ပြုလုပ်ပြီးသောအခါ မိသားစုအားလုံးသည် ထမင်းလင်ပန်း၌ ဝိုင်းရံထိုင်ကြ၍ အိမ်ထောင်ဦးစီး အမျိုးသားက ကဏန်းလက်မကို အစပြုစားသုံးပြီး မိသားစုဝင် အားလုံးတို့ကလည်း ကဏန်းလက်မကို စားကြရသည်။ အိမ်ထောင်ဦးစီးသည် မိသားစုဝင်အားလုံးကို လက်ယာကဏန်းလက်မဖြင့် တို့ထိပေးရသည်။ အကယ်၍ မိသားစုထဲမှ တစ်ဦးဦးခရီးလွန်၍ မရှိပါက သူရောက်ရှိသောအခါ တို့ထိပေးရန်အတွက် ကဏန်းလက်မကို ထားရှိရသည်။

တအိုက်စားပွဲနေ့တွင် တစ်နေကုန်ကျင့်စဉ် ပြုလုပ်ကြရသည်။ အလုပ်အကိုင်မပြုလုပ်ဘဲ ခေါင်ရည်သောက်သုံးကြသည်။ နောက်တစ်ရက်နေ့တွင် ပွဲပြီးမြောက်လေသည်။ အိမ်ထောင်ဦးစီးသည် တောင်ယာစပါးနှင့် သီးနှံများ ကောင်းမွန်ဖြစ်ထွန်းအောင်မြင်စေရန်တွင် ပြန်လည်စားသုံးခွင့်ရရှိသည်။

အောက်တိုဘာလတွင် တအိုက်စားပွဲ(ခ)နှစ်သစ်ကူးပွဲကို ကျင်းပပြီးစီးလျှင် နိုဝင်ဘာလ (တလန်ငွေလို-Tlangngawi Lo)တွင် သင်္ချိုင်းပွဲကို ကျင်းပကြသည်။ နိုဝင်ဘာလ(တလန်ငွေလို)သည် ခူမီးလူမျိုးတို့၏ နှစ်ကုန်လ ဖြစ်သောကြောင့် နှစ်ဟောင်းကုန်ဆုံးခြင်းသို့ ရောက်ရှိလေသည်။

ရှေးအခါက တအိုက်စားပွဲပြီးဆုံးလျှင် နှစ်ကုန်၍ နှစ်သစ်ကူးသည်ဟု ထင်မြင်ယူဆခဲ့ကြသော်လည်း နှစ်ကုန်ဆုံးခြင်းမှာ နိုဝင်ဘာလ (တလန်ငွေလို) ဖြစ်သောကြောင့် ဒီဇင်ဘာလ(၁)ရက်နေ့သည် နှစ်ဆန်းတစ်ရက်နေ့၊

နှစ်သစ်ကူးဖြစ်ကြောင်း သတ်မှတ်ခဲ့ကြလေသည်။ နှစ်သစ်ရောက်သောအခါ တောင်ယာသစ်ခုတ်ထွင်ခြင်း၊ နေအိမ်သစ်ဆောက်လုပ်ခြင်း၊ ခရီးဝေးသွားခြင်း၊ လုပ်ငန်းသစ်များ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြသည်။ နှစ်ကုန်လဖြစ်သော နိုဝင်ဘာလ(တလန်ငွေလို)တွင် သင်္ချိုင်းပွဲ(အမင်္ဂလာ)ရှိခြင်းကြောင့် တောင်ယာသစ်ခုတ်ထွင်ခြင်း၊ နေအိမ်သစ်ဆောက်လုပ်ခြင်း၊ ခရီးဝေးသွားခြင်း၊ လုပ်ငန်းသစ်များ လုပ်ဆောင်ခြင်းတို့ကို ရှောင်ကြဉ်ကြရသည်။

ထို့ကြောင့် ခူမီး(ချင်း)လူမျိုးတို့သည် ဒီဇင်ဘာလ (၁)ရက်နေ့တွင် နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ကျင်းပကြပြီး ခူမီး(ချင်း) ရိုးရာအကပြိုင်ပွဲ၊ သီးချင်းဆိုပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ အဆိုအကပြိုင်ပွဲနှင့် ဟောပြောပွဲများကိုလည်း ကျင်းပကြသည်။ ခူမီး(ချင်း) ရိုးရာနှစ်သစ်ကူးပွဲတော်၌ ရိုးရာခေါင်ရည်များ သောက်သုံးလျက် ပျော်ရွှင်စွာ ကခုန်မြူးထူးကြလေသည်။ ခူမီး(ချင်း)လူမျိုးတို့သည် ရိုးရာမပျက်၊ နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမြဲကျင်းပလျက်ရှိပေသည်။

# ကနန်းရိုးရာ မင်္ဂလာဆောင်

ပြည်ထောင်စုဖွား တိုင်းရင်းသားများစွာတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံစသည်တို့ကို လေ့လာသည့်အခါ မိမိတို့၏မျိုးရိုးစဉ်လာအလိုက် အမျိုးမျိုးကွဲပြားကြသည်ကို တွေ့ရပေသည်။ လူတစ်မျိုး၏အကြောင်းကို အခြားလူတစ်မျိုးက များစွာစိတ်ဝင်စားသည်။ သိလည်းသိလိုကြသည်။ ဤသည်မှာ ပြည်ထောင်စုအသိ ပြည်ထောင်စုစိတ်ဓာတ်၏ ကြီးမားခိုင်မာချက်တစ်ခုဖြစ်ပေသည်။

ကနန်းလူမျိုးများသည် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်တွင် အလျား ၁၆မိုင်၊ အနံ ၃ဂမိုင်ရှိ နယ်မြေအတွင်း နေထိုင်ကြသူများဖြစ်ကြသည်။ တိုင်းပြည်မှ အသိနည်းသေးသော လူတစ်မျိုးလည်းဖြစ်သည်။ ကျေးရွာငယ်ပေါင်း ၂၄ရွာ၊ ကျေးရွာအုပ်စုပေါင်း ၅အုပ်စု၊ မူလတန်းစာသင်ကျောင်း ၄ကျောင်း၊ ဘုန်းကြီးကျောင်း ၂၁ကျောင်း၊ ဧရိယာအကျယ်အဝန်းစတုရန်းမိုင် ၁၃၄မိုင် ရှိသည်။ လူဦးရေငါးထောင်ခန့်ရှိသည်။ ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်၍ အခြားဘာသာနှင့် နတ်ကိုးကွယ် သူဟူ၍မရှိပေ။ သို့သော်လည်း မျိုးရိုးစဉ်လာထုံးတမ်းများအရ နတ်တင်ခြင်း၊ ပသခြင်းများရှိသည်။ လုပ်ငန်းမှာ လယ်လုပ်၊ တောင်ယာခုတ်၊ အခင်းလုပ်စသည့် လုပ်ငန်းများကိုလုပ်ကိုင် စားသောက်သူများ ဖြစ်ကြသည်။

ကနန်းလူမျိုး အိမ်ထောင်ပြုကြရာတွင် လူကြီးချင်းစေ့စပ်သည်လည်းရှိ၍ လူငယ်ချင်းမြတ်နိုး၍ လက်ထပ်






လက်ဆောင်


လက်ဆောင်

သည်လည်းရှိသည်။ ဤအချက်မှာ မြန်မာလူမျိုးတို့ ကဲ့သို့ပင် ဖြစ်သည်။ ရွာတစ်ရွာတွင် အခြားတစ်ရွာမှလူပျိုသည် အပျိုလည်လိုပါက ရွာခံလူပျိုခေါင်းကို အကြောင်းကြားရသည်။ လူပျိုခေါင်းကခွင့်မပြုဘဲ အပျိုလည်ခွင့်မရှိပေ။ ငွေကြေးဓနမာန်ကြောင့် အစဉ်အလာယဉ်ကျေးမှုကို ချိုးဖောက်သူ မတွေ့ရ။ လူမျိုးတို့၏ ဓလေ့ကို ထိန်းသိမ်းသူ၊ စည်းကမ်းရှိသူတို့သာ ဖြစ်ကြသည်။

အပျိုလည်လိုသူ လူပျိုအား ရွာရှိ ကနန်းအပျိုအိမ်များသို့ တစ်အိမ်တက်ဆင်း ကနန်းလူပျိုခေါင်းက လိုက်ပြပေးလေသည်။ မိမိနှစ်သက်လိုသော အပျိုအိမ်သို့ရောက်လျှင် လူပျိုခေါင်းကို အပျိုလည်လာသူက လက်တို့လိုက်ရသည်။ ရွာခံလူပျိုခေါင်းကလည်း အလိုက်သိစွာဖြင့် တိမ်းရှောင်ပေးလေသည်။ အမျိုးသမီး၏ မိဘများကလည်း အခြားသို့ လည်ပတ်လိုပါက လည်ပတ်၍လည်ကောင်း၊ အိမ်၌ပင် အိပ်လိုပါက အိပ်၍လည်းကောင်း တိမ်းရှောင်ပေးကြလေသည်။ မိမိ၏ ကြင်ယာလောင်းကို စိတ်ကြိုက် ရွေးချယ်ခွင့်ပေးထားသည့် ချစ်စရာကောင်းသော ဓလေ့ဖြစ်သည်။ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမျိုးအလျဉ်း မရှိပေ။

အပျိုသည်လူပျိုလာပါက ဖျားခင်းပေးလျက် ရေတကောင်းနှင့်ဖလား၊ ကွမ်းပုဝါ(ကွမ်းထုပ်)၊ ဆေးဗန်း စသည်တို့ကို တည်လေ့ရှိသည်။ ဒူးတုပ်ထိုင်ချပြီး “စားပါဦး၊ သောက်ပါဦး” ဟု လောကွတ်လေ့ရှိသည်။ လူပျိုက (နငါနာမယ်မိန်ညဲကော်မနိုး)” မင့်နာမည်ဘယ်လိုခေါ် သလဲ ဟုမေးပြီး ချစ်ရေးစတင်ဆိုလေ့ရှိသည်။ သဘောချင်းမျှ၍ ချစ်ကြိုက်သွားကြလျှင် ယောကျ်ားလေးဘက်မှ မိဘများထံ

(သမိတ်ကားဆိပ်တယ် စိမ်ငါမှာ့) ခေါ် “စကားကြောင်း” လွှတ်ရသည်။ နှစ်ဖက်မိဘများ အပေးအယူမျှချိန်တွင် (နံ့ဖတ်သံဟီးမှာ့) ခေါ် လက်ဖက်ထုပ်တင်လျက် မင်္ဂလာဆောင်ရန် ရက်ကောင်းရွေးခြင်း၊ အဆောင်အရွက် အခွဲအခန့်တို့ကို ကန့်သတ်ခြင်းစသည်တို့ ပြုလုပ်ကြလေသည်။

အပျိုနှင့်လူပျို တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်ကြချိန်တွင် ကနန်းအမျိုးသမီးများသည် ကလေးချော့သီချင်း ဆန်ဆန်သီချင်းကို လသာသာတွင် သက်ငယ်ပျစ်ရင်း သီဆိုတတ်ကြသည်။

“ကွမ်းဖိုး” မှာ ငွေစင်ခုနစ်ကျပ်နှစ်မတ်(ခုနစ်ကျပ်ခွဲ)၊ ဖျာတစ်ချပ်၊ လက်ဖက်တစ်ကျည်၊ ငါးချဉ်တစ်ပိသာစော့၊ အုန်းသီးတစ်လုံး၊ ငှက်ပျောသီးနှစ်ဖီးတို့ ပါရလေသည်။ ခြင်းကျားအသေးရက်၍ ငါးချဉ်ထည့်သောခြင်းကို (ငါးချဉ်စော့)ဟု ခေါ်သည်။ လက်ဖက်ထုပ်တင်စဉ် အမျိုးသမီးဘက်မှ ငါးချဉ်ပိသာငါးဆယ်၊ တစ်ရာ၊ နှစ်ရာစသည်ဖြင့် ခွဲခန့်ရသည်။

မင်္ဂလာဆောင်မည့်နေ့တွင် သတို့သားနှင့်အတူ ယောကျ်ားဘက်မှ အသိုင်းအဝိုင်းများ မနက်စောစော မိန်းကလေးအိမ်သို့ သွားရသည်။ သတို့သမီးအိမ်ရောက်လျှင် ငါးချဉ်စော့ခြင်း လဲလှယ်ရသည်။ လဲလှယ်သည်ဆိုသော်လည်း သတို့သားကညာဖက်၊ သတို့သမီးမောင်က ဘယ်ဖက်သို့ စော့များ ပစ်ပေးလိုက်ခြင်းဖြစ်သည်။ စော့များကို ပြန်မကောက်ကြပေ။


လက်ဆောင်


လက်ဆောင်

ကလေးများလှ၍ တပျော်တပါး စားလိုက်ကြသည်။

"စော့"တွင် ငါးချဉ်၊ ထမင်း၊ လက်ဖက်များထည့်ရသည်။ ခွဲ့ခန့်(ခန်းဝင်)ပစ္စည်း မပြည့်စုံလျှင် သတို့သမီးအိမ်ပေါ်သို့ တက်ခွင့်မရပေ။ သတို့သားဖက်မှရှေ့ဆောင်ကို သတို့သမီးဖက်မှ ဖမ်းထားနိုင်သည့်ထုံးစံရှိလေသည်။ ခွဲ့ခန့်(ခန်းဝင်)ပစ္စည်းစုံမှ ပြန်လွှတ်ပေးကြသည်။ သတ်မှတ်ထားသော စည်းကမ်းသာရှိ၍ ခွဲခန့်(ခန်းဝင်)ပစ္စည်းများ မစုံသဖြင့် အဖမ်းခံရသူများ မရှိဖူးသေးပါ။ ကနန်းလူမျိုးများသည် ပြောပြီးစကားကို မဖျက်သည့် အလွန်ရိုးသောလူမျိုးဖြစ်သည်။

မင်္ဂလာဆောင်ဖိတ်ကြား၍ မင်္ဂလာဆောင်သို့သွားကြသူများသည် "မင်္ဂလာဆောင်သို့ သွားမည်ဟု" မပြောကြ၊ ငါးချဉ်စားသွားမည်"ဟုသာ ပြောလေ့ရှိသည်။ မင်္ဂလာဆောင်တွင် ငါးချဉ်ကျွေးမှ ငါးချဉ်စားဟုပြောသည် မဟုတ်ပဲ မင်္ဂလာဆောင်သွားသူတိုင်း ငါးချဉ်စားသွားမည်ဟု ပြောလေ့ပြောထရှိခြင်းပင်ဖြစ်သည်။

မင်္ဂဆောင်တွင် ရရှိသော ပဏ္ဏာပြန်(လက်ဖွဲ့) များကို မိန်းမဘက်မှ သိမ်းရသည်။ ယောကျ်ားဘက်မှ သိမ်းရရိုးမရှိပေ။ မိန်းမဘက်မှ မိဘ၊ ဘကြီး၊ ဝရီး (အမေ့မောင်) တို့ကို ငါးချဉ်ပိသာစော့၊ အုန်းသီးတစ်လုံး၊ ငှက်ပျောနှစ်ဖီး၊ ငွေစင်နှစ်ဖက်တို့ဖြင့် ကန်တော့ရသည်။ မိဘ၊ ဘကြီး၊ ဝရီးတို့ကလည်း တောင်း၊ ဓား၊ တံစဉ်၊ ပန်ကန်လုံး၊ စွန်း(ဇွန်း)၊ ဒေါင်းလန်းနှင့် ဖျာတို့ကို ပဏ္ဏာပြန်ရသည်။ မိန်းမဘက်မှ အစ်ကို၊ ဘထွေး၊ ငါးချဉ်ငါးဆယ်သားစော့၊ တစ်ဝမ်းကွဲအစ်ကို နှစ်ဆယ်ငါးကျပ်သားစော့ရကြသည်။

တစ်ပိသာစော့ တစ်ကျပ်၊ ငါးဆယ်သားစော့ ရသူများက ပဏ္ဏာပြန်ရသည်။

မိန်းမဘက်မှ ဆွေမျိုးများကို ကန်တော့ရာတွင် တတ်နိုင်ပါက အုန်းသီးတစ်လုံး၊ ငှက်ပျောနှစ်ဖီးပါသော ကန်တော့ပွဲ(အုပ်ပွဲ)များဖြင့် ကန်တော့ရသည်။ အုပ်ပွဲများများ ပါနိုင်ခြင်းကို များစွာဂုဏ်ယူလေ့ရှိကြသည်။ မိန်းမဘက်မှ ဆွေမျိုးအသင်းကြီးမည်၊ ယောကျ်ားဖက်ကလည်း တတ်နိုင်မည်ဆိုပါက သတို့သား၊ သတို့သမီးတို့သည် ချွေးပျံအောင် ကန်တော့ကြရလေသည်။ ကန်တော့၍ ပင်ပန်းမှုကိုပင် နှစ်သက်ကြသော လူမျိုးဖြစ်သည်။ မည်သူ့သမီးကို မည်သူ့သားနှင့်လက်ထပ်တုန်းက အုပ်ပွဲမည်မျှပါသည်....စသည်ဖြင့် ပြောလေ့ပြောထရှိကြသည်။

(သမိတ်ကားဆား)ခေါ် သတို့သားနှင့်(သမိတ်ကားဆိပ်) ခေါ် သတို့သမီးတို့သည် မိန်းမအိမ်၏ ခေါင်တိုင်နတ်ကို ကန်တော့ကြရသည်။ (အတူတူ အာသားယောက်ချီးမား) ခေါ် ထမင်းလက်ဆုံစားခြင်းကိုလည်း ပြုလုပ်ကြရသည်။ ထမင်းပန်ကန်တစ်ခု၊ ဟင်းပန်ကန်တစ်လုံး၊ ဇွန်းတစ်ချောင်း တို့ကို ဒေါင်းလန်းတွင်ထည့်၍ ပရိတ်သတ်ရှေ့တွင် အတူတူစားခြင်းပင်ဖြစ်သည်။ အပျိုလူပျိုဖြစ်၍ ပထမတွင် မစားဝံ့ကြချေ။ ယင်းသို့ မစားဝံ့သည်ကို အပျိုရံ၊ လူပျိုရံ တို့က ဝိုင်းလှောင်ကြသည်။ ရှက်၍ မစားဘဲလည်း မနေရပေ။ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်စေရန်အတွက် ထမင်းပန်ကန် တစ်ချပ်တည်း နှစ်ယောက်ဆုံစားစေခြင်း၊ ဇွန်းတစ်ချောင်းတည်းဖြင့် ဟင်းရည်သောက်စေခြင်းဖြစ်သည်။


လက်ဆောင်


လက်ဆောင်



တစ်သက်ပတ်လုံး ချစ်ချစ်ခင်ခင် ပေါင်းသင်းနေထိုင်သွားကြရန် ရည်ရွယ်ခြင်းဖြစ်ပေသည်။ ထမင်းကို သတို့သားက စ၍ စားရသည်။

မင်္ဂလာဆောင်တွင် ဘုရားကိုဆွမ်းကပ်ခြင်း၊ ရိုးရာနတ်များအပြင် မိရိုးဖလာနတ်များကိုလည်း ပူဇော်ခြင်း၊ ပသခြင်း လုပ်ရသေးသည်။ မင်္ဂလာဆောင်လာသော ပရိတ်သတ်များကို သတို့သား၊ သတို့သမီးတို့က ကန်တော့ရသည်။ လူကြီးမိဘများကို ရိုသေကိုင်းရှိုင်းရမည် ဆိုသည့် အသိကို အမြဲကိန်းအောင်းစေလိုသည့် ဆန္ဒကောင်းတစ်ခု ဖြစ်ပေသည်။

ယောကျ်ားဘက်နှင့်မိန်းမဘက် ရိုးရာနတ်များမတူကြလျှင် မိန်းမဘက်နတ်အတိုင်း မင်္ဂလာအခမ်းအနားကို ဆောင်ရွက်ရသည်။ ခေါင်တိုင်(နတ်) မတူလျှင် သားမက်နတ်ဖြစ်ပါက သားမက်နတ်အတွက် အိမ်အပြင်တွင် နတ်စင်ဆောက်ပေးရသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ ယောကျ်ားနတ်သည် မိန်းမအိမ်မတက်နိုင်ခြင်းကြောင့် ဖြစ်သည်။ သားမက်သည် မိန်းမအိမ် အိမ်ခန်းတွင် ခုနစ်ရက်သာ အိပ်နိုင်၍ ခုနစ်ရက်ကျော်က အခန်းအပြင်ဘက်တွင်အိပ်ရသည်။ ခေါင်တိုင်တူလျှင် အိပ်ခန်း၌ အိပ်နိုင်၍ နတ်စင်လည်း သီးခြားမပေးရ။ ခေါင်တိုင်မတူခဲ့သော် ကလေးမွေးဖွားခြင်းကိစ္စကိုပင် အိမ်အတွင်းခန်း (အိပ်ခန်း)တွင် မပြုနိုင်ချေ။ အခန်းအပြင်ဘက်တွင်သာ မီးဖွားနိုင်သည်။ ချွေးမ တက်ဖြစ်လျှင် မိန်းမအိမ်တွင် တစ်ညအိပ်ရသည်။ ပြီးမှ ယောကျ်ားအိမ်လိုက်ရသည်။ မိန်းမနတ်သည် ယောကျ်ားအိမ်တက်နိုင်၍ ကန့်သတ်ချက်

တစ်စုံတစ်ရာမရှိပေ။ အိပ်ခန်းတွင် အိပ်နိုင်ခြင်းနှင့် ကလေးမွေးဖွားနိုင်ခြင်းရှိလေသည်။

မင်္ဂလာဆောင်တွင် ရွာသားများက ကိုယ့်ဒေါင်းလန်း၊ သူ့ဒေါင်းလန်း တာဝန်ယူလျက် မိမိတို့အိမ်မှ ယူခဲ့ရသည်။ ဒေါင်းလန်းအောက်ခံဖျာ၊ ထမင်းပန်းကန်ပြား၊ ဟင်းသောက် ပန်းကန်လုံး၊ ဇွန်းတို့ကိုတစ်ပွဲစာအတွက် ရှာဖွေစုဆောင်း၍ ယူခဲ့ရသည်။ မင်္ဂလာပွဲပြီး၍ သိမ်းသောအခါ ကိုယ့်ပစ္စည်း သူ့ပစ္စည်း စနစ်တကျပြန်လည်သိမ်းကြခြင်းဖြင့် ပစ္စည်းများ ပျောက်သည်ဟူ၍ မတွေ့ရပေ။ ကောင်းသောရိုးရာစနစ် တစ်ခု ဖြစ်လေသည်။

မင်္ဂလာမဆောင်မီ အပျိုတို့က သက်ငယ်ရိတ်ခြင်း၊ သက်ငယ်ပျစ်ခြင်း လုပ်ပေးကြသည်။ လူပျိုများက မဏ္ဍပ်တိုင်ခုတ်ခြင်း၊ မဏ္ဍပ်ဆောက်ခြင်း၊ မဏ္ဍပ်မိုး ခြင်းများ ပြုလုပ်ကြသည်။ ကြီးလေးသော တာဝန်များပင် ငှားရမ်းရသည်ဟူ၍ မရှိ။ ထင်းခွေ၊ ရေခပ်မှစ၍ လုပ်ကိုင် ပေးကြသည်။ ကောက်စိုက်၊ ပျိုးနုတ်၊ စပါးရိတ်ခြင်း စသည်တို့ကို လက်စားလိုက်ခြင်း (ခေါ်) တစ်ယောက် တစ်လှည့် ဝိုင်းဝန်းလုပ်ခြင်းမျိုးဖြင့် လုပ်လေ့ရှိသည်။ "လက်စားမကျေ လင်သေမငိုရ" ဟူသော ကနန်းစကားပုံ ရှိလေသည်။ "လက်စားလိုက်" လုပ်ပေးရန် ကျန်သေးလျှင် မိမိလင်သေသည်ကိုပင် မငိုနဲ့ဦး.... လက်စားလိုက်ဦး"ဟု ဆိုလိုခြင်းဖြစ်သည်။

ကနန်းလူမျိုးတို့သည် စုပေါင်းလုပ်ငန်းများ၊လက်စားလိုက် လုပ်ငန်းများကို ယခုတိုင်လုပ်ကိုင်ကြလျက်ပင် ရှိပေသည်။

ကနန်းတို့၏ ဥမကွဲသိုက်မပျက်ဖြေရှင်းခြင်း၏ ရိုးရာယဉ်ကျေး မှု အနှစ်သာရတို့သည် တန်ဖိုးရှိလှပါပေသည်။

# မွန်ရိုးရာ သင်္ကြန်ထမင်း

သင်္ကြန်ကာလသည် ပူပြင်းသောကာလဖြစ်သဖြင့် အေးမြသော သင်္ကြန်ထမင်းကို စားပြီးနောက် အေးမြကြည်လင်လာသောကြောင့် လူအများကြိုက်နှစ်သက်ကြသည်ဟုဆိုနိုင်ပါသည်။ သင်္ကြန်ထမင်းသည် ယခင်အချိန်အခါက မွန်လူမျိုးမှတစ်ပါး အခြားသော တိုင်းရင်းသားလူမျိုးများ သင်္ကြန်ထမင်းချက်ပြုတ် စားသောက်သည်ကို မတွေ့ရပါ။ သို့သော်လည်း ယခုအချိန်တွင် မွန်လူမျိုးတို့ သင်္ကြန်ထမင်းချက်ပြုတ်သကဲ့သို့ အခြားတိုင်းရင်းသားလူမျိုးများလည်း သင်္ကြန်အချိန်ရောက်သောအခါ ချက်ပြုတ်စားသောက်ကြသည်ကို တွေ့ရပါသည်။ မွန်လူမျိုးတို့သည် သင်္ကြန်ကာလရာသီချိန်တွင် အလှူဒါနပြုလုပ်သောအခါ သင်္ကြန်ထမင်းကို အများအပြားချက်ပြီး ကျွေးမွေးကြသည်ကို တွေ့ရပါသည်။ သင်္ကြန်ကာလအတွင်း ထမင်းပြုတ်ပြီး စံပယ်ပန်းငုံနှင့်တူအောင် ဆေးကြောကာ အမွှေးနံ့သာရည်ဖြင့် ရောစပ်စားသောက်ရသည့် ထမင်းကို သင်္ကြန်ထမင်းဟု ခေါ်ဆိုကြလေသည်။

## သင်္ကြန်ထမင်းဖြစ်ပေါ်လာပုံ

သင်္ကြန်ထမင်း ဖြစ်ပေါ်လာပုံကို ရှေးမွန်ပညာရှိတို့က ဓမ္မပါလအမည်ရှိသော ပေစာတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေသည်။

ဤဘဒ္ဒကမ္ဘာတွင် ရှေးလွန်လေပြီးသောကာလ၌ မဟာပထဝီမြေကြီး စောင်းယောက်အောင် ပစ္စည်းဥစ္စာ ပေါကြွယ်ဝသော သူဌေးတစ်ယောက်ရှိလေသည်။ တစ်နေ့ သောအခါ ယစ်ထုတ်ကြီးတစ်ယောက်က သူဌေးကြီးအား ပြောသည်မှာ.....

"သူဌေးကြီးမှာ စည်းစိမ်ဥစ္စာကြွယ်ဝသည် မှန်သော်လည်း ကျွန်တော်နှင့်မတူသေးပါ"ဟုဆိုသောအခါ သူဌေးကြီးက..

"ဘာကြောင့် မတူရတာလဲ" ဟု ယစ်ထုတ်အား မေးလေသည်။

"သူဌေးကြီးမှာ ပစ္စည်းဥစ္စာများစွာ ရှိသည်မှာ မှန်သော်လည်း သားသမီးတစ်ယောက်မှ မထွန်းကားသဖြင့် သူဌေးကြီးဘဝတစ်ပါးသို့ ပြောင်းသွားပြီးနောက် သူဌေးကြီးကောင်းရာသုဂတိသို့ ရောက်လေအောင် အလှူ ဒါနပြုပြီး သူဌေးကြီးအားအမျှပေးဝေရန် လူမရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သူဌေးကြီး၏ ပစ္စည်းဥစ္စာတို့သည် သူဌေးကြီးအတွက် အလဟဿပင် ဖြစ်တော့သည်။ ကျွန်တော့မှာ သားသမီးရှိသဖြင့် ကျွန်တော်သေဆုံးသွား သော်လည်း ဘာမှပူပင်စရာမလိုပါ။ ကျွန်တော်သေပြီးနောက် ကျွန်တော့်အား ကုသိုလ်ကောင်းမှု အစုစုအတွက် အမျှဝေ သည်ကိုရပါလိမ့်မည်။ ထို့ကြောင့် သူဌေးကြီးသည် ကျွန်တော်နှင့်မတူပါဟု ကျွန်တော်ပြောလိုပါသည်"











သူဌေးကြီးက ယစ်ထုတ်ကြီး၏ စကားကို ကြားပြီးနောက် စဉ်းစားဆင်ခြင်သည်မှာ........

"ယစ်ထုတ်ကြီးက အနာဂတ်ကို ဆက်စပ်မှန်းဆသူပါတကား၊ ငါဟာပညာထူးချွန်ပြီး ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည့် သူမတူအောင်ထူးသူ ရင်သွေးတစ်ယောက်ရရှိအောင် မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း"ဟု ဆင်ခြင်ပြီး... နေမင်းထံတွင်လည်းကောင်း၊ လမင်းထံတွင်လည်းကောင်း ရင်သွေးတစ်ယောက်ရရှိရန် သုံးနှစ်တိုင်တိုင် တောင်းဆိုသော်လည်းနေမင်း၊ လမင်းတို့ကမိမိအလိုကို မဖြည့်ဆည်းနိုင်သည်ကိုတွေ့ရလေသည်။ သုံးနှစ်လွန်ပြီးနောက် ပြည်သူအများ နှစ်သစ်ကူးပွဲသဘင် ကျင်းပသောအချိန်တွင် ဆွေမျိုးများနှင့် ကျေးကျွန်များခြံရံလျက် ရွှေထီးနှင့်တကွ တံခွန်၊ ကုက္ကားအလံများကိုင်ဆောင်ကာ မြစ်ကမ်းတစ်နေရာ ပညောင်ပင်အောက်သို့ ဆိုက်ရောက်ပြီးနောက် ပြုတ်ပြီးထမင်းကို စံပယ်ငုံနှင့်တူအောင် ခုနစ်ကြိမ်ရေဆေးပြီး အမွေးနံ့သာရည်ဖြင့် စိမ်ထားသောထမင်းနှင့် အခြားစားဖွယ်သောက်ဖွယ်တို့ဖြင့် ပညောင်ပင်စောင့်နတ်ထံ ပူဇော်ပသလျက် သားဆုကို တောင်းလေသည်။

ပညောင်ပင်နတ်ထံ ပူဇော်ပြီး ကျန်သော စားဖွယ်သောက်ဖွယ်တို့ကို မိမိနှင့် အတူပါလာသော သူများအား အလှူဒါနပြုကာ ပျော်ရွှင်စွာစားသောက်ရင်း တူရိယာတို့ကို တီးမှုတ်သီဆိုကြပြီး နတ်မင်းထံခစားလေသည်။ ထို့နောက် မိမိနေထိုင်ရာ ပြာသာဒ်ဆောင်သို့ပြန်လာသည်။

ပညောင်ပင်စောင့်နတ်ကလည်း သူဌေးကြီးတောင်းသည့်အတိုင်းပေးရန် မစွမ်းဆောင်နိုင်သဖြင့် သိကြားမင်းထံ

အကူအညီတောင်းရန် တာဝတိံသာနတ်ပြည်သို့ တက်သွားလေသည်။ သိကြားမင်းကလည်း ဒိဗ္ဗစက္ခုဖြင့် ကြည့်ရာတွင် ခမ္မပါလမည်သောနတ်သားကို မြင်သဖြင့် သူဌေးကတော်ထံတွင် ပဋိသန္ဓေတည်ရန် တောင်းပန်လေသည်။ ခမ္မပါလနတ်သားလည်း သိကြားမင်းတောင်းပန်သည့်အတိုင်း သူဌေးကတော်ဝမ်းတွင် ကိုးလ၊ ကိုးရက် ပဋိသန္ဓေတည်ပြီး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့်အပြင် လဆန်း(၁၅) ရက် လပြည့်ဝန်းကဲ့သို့သော ရင်သွေးအဖြစ်ဖွားမြင်လေသည်။

သူဌေးလည်း အလွန်ဝမ်းမြောက်ပြီး ရင်သွေးအား ခမ္မပါလအမည်ပေးကာ ပညောင်ပင်အောက်တွင် ပြာသာဒ်တန်ဆောင်ဆောက်လုပ်လျက် သားတော်အား ရွှေပုခက်ပေါ်တင်၍ ကျေးကျွန်မောင်းမတို့အား ပညောင်ပင်စောင့်နတ်ကို သောင်းသောင်းဖြဖြ ပူဇော်စေလေသည်။

သူဌေးကြီးက ပညောင်ပင်စောင့်နတ်အား ပြုတ်ပြီးထမင်းကို စံပယ်ငုံနှင့်တူအောင် ခုနစ်ကြိမ်ရေဆေးကာ အမွှေးနံ့သာရည်ဖြင့် စိမ်ထားသော ထမင်းနှင့်အခြားစားဖွယ်သောက်ဖွယ်တို့ဖြင့် ပူဇော်ပြီး သားဆုတောင်းရာတွင် ပညာအရာတွင် ထူးချွန်ပြီး ကျော်စောထင်ရှားသော ရင်သွေးတစ်ယောက်ရရှိသကဲ့သို့ မွန်လူမျိုးတို့သည် သင်္ကြန်အချိန်ကျရောက်သောအခါ၊ စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာတိုးတက်ရန်အတွက် သင်္ကြန်ထမင်း၊ ချိုချဉ်ရသာနှင့်ပြည့်စုံသောစားဖွယ် သောက်ဖွယ်များကို ပြုလုပ်ပြီး အလှူဒါနပြုကြသည်မှာ ခမ္မပါလမည်သော ပေစာတွင် ရေးသားညွှန်ပြထားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## သကြော်န်ထမင်းချက်ပြုတ်ပုံ

မိုးပြဲဒယ်အိုးထဲတွင် ဆန်(၁) ပြည်က ရေ(၄)ပြည်၊ (၁:၄)ထည့်ပြီး ပြုတ်ရပါသည်။ ဆန်လုံးကွဲအာသွားသည် အထိ ပြုတ်ရပါသည်။ ထမင်းလုံးနှစ်ခြမ်းကွဲအာသွားသည့် အဆင့်ရောက်မှ ထမင်းအိုးကို ရေအေးဖြင့်(၇)ကြိမ် ဆေးကြောလိုက်လျှင် စံပယ်ငုံနှင့်တူသော နူးညံ့ပျော့အိ နေသော သကြော်န်ထမင်းရရှိပါသည်။ သကြော်န်ထမင်းနှင့် တွဲဖက်စားသော ချိုချဉ်ကြော်(ဝါ) သကြော်န်ကြော် ပြုလုပ်ပုံတွင် အဓိကလိုအပ်သော ပစ္စည်းများမှာ-

(၁) ငါးခြောက် (ငါးလိပ်ကျောက်၊ ငါးရောင်ခြောက်၊ ငါးရံ့ခြောက်)

(၂) သရက်သီး(ခြစ်ထားရမည်)

(၃) ပဲဝါခြမ်း(အညက်ထောင်း)

(၄) ကြက်သွန်နီ(လေးခြမ်းစိတ်)

(၅) ငရုတ်သီးတောင့်အခြောက်

(၆) ဆီ

ငရုတ်သီးတောင့်အခြောက်ကို ဆီအနည်းငယ် ထည့် လှော်ပြီး သိမ်းထားပါ။ ခွဲစိတ်ထားသော ကြက်သွန်နီကို ဆီဖြင့် ကျက်အောင်ကြော်ပါ။ ပြီးလျှင် ရောသမထားသော ငါးခြောက်၊ သရက်သီး၊ ပဲဝါခြမ်းတို့ကို ထည့်ကြော်ပြီး လိုအပ်သော ဆား၊ ငံပြာရည်တို့ကို ထည့်ပေးခြင်းဖြင့် သကြော်န်ကြော်ကိုရရှိနိုင်ပါသည်။ (မှတ်ချက်။ သက်သက်လွတ် စားသုံးနိုင်ရန်အတွက် ကြက်သွန်နီများများနှင့် ပဲဝါခြမ်း တို့သာ လိုအပ်ပါသည်။)

## ဖယောင်းနံ့သာရည်ပြုလုပ်ပုံ

ရှေးမွန်တို့သည် သင်္ကြန်ထမင်းကို ဖယောင်းနံ့သာရည်ဖြင့် ဆမ်းစားကြပါသည်။

နံ့သာဖြူကို သေးငယ်စွာစိပ်ပြီး ပုံထားပါ။ ၎င်းပေါ်တွင် ဖွဲနုဖြူးထည့်ပါ။ ဖွဲနုပေါ်တွင် ဖယောင်းအမှုန့် ပြန်ဖြူးထည့်ပါ။ ၎င်းကို မီးမြိုက်၊ မီးခိုးမှောင်နေချိန်တွင် အဝကျဉ်းသော မြေအိုးဖြင့်အုပ်ပြီး မီးခိုးမြေအိုးတွင် ပြည့်နေချိန်တွင် မြေအိုးကို ပက်လက်လှန် ရေလောင်းထည့်ကာ အဖုံးလုံအောင် ဖုံးပိတ်ပြီး မီးခိုးကုန်သွားလျှင် နံ့သာရနံ့သင်းပျံ့နေသော ဖယောင်းနံ့သာရည်ကို သင်္ကြန်ထမင်းနှင့် ဆမ်းစားနိုင်ပါပြီ။

## သင်္ကြန်ထမင်းနှင့်ဆိုင်သော မွန်လူမျိုးတို့၏ ယုံကြည်မှု

သင်္ကြန်ကာလအတွင်း ချက်ပြုတ်သော သင်္ကြန်ထမင်းကို သင်္ကြန်အကြတ်နေ့တွင် နေလှန်းပြီး သိမ်းထားလေ့ရှိပါသည်။ မိုးတွင်းကောက်စိုက်ချိန် စပါးခင်းတွင် ပိုးမွှားကျရောက်ပါက လယ်ကန်သင်း ဧရိယာပတ်လည်တွင် သင်္ကြန်ထမင်းခြောက်ကိုကြဲပြီး ဝေနေယျသတ္တဝါများကို မေတ္တာပို့ခြင်းဖြင့် အဖျက်ဆီးပိုးမွှားရောဂါ အန္တရာယ်မှ ကင်းရှင်းကြောင်း ယုံကြည်သည့်ဓလေ့ရှိကြပါသည်။

# သက်လူမျိုးတို့၏ မင်္ဂလာဆောင်ဓလေ့နှင့် မွေးဓလေ့

ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်မျိုးနွယ်စုဝင် သက်တိုင်းရင်းသား မျိုးနွယ်စုတို့၏ မင်္ဂလာဆောင်ဓလေ့နှင့် မွေးဓလေ့အကြောင်းအရင်းများအား အောက်တွင်ရေးသား ဖော်ပြအပ်ပါသည်။

သက်လူမျိုး မင်္ဂလာဆောင်

မိန်းကလေးအပျိုဖြစ်သည်နှင့် ချက်ချင်း မင်္ဂလာဆောင်လေ့မရှိပေ။ အသက်(၁၇)နှစ်မှ (၂၀)နှစ်အတွင်း အိမ်ထောင်ချပေးလေ့ရှိသည်။ ရခိုင်ဓလေ့၌ မိန်းမငယ်တစ်ဦး သူများအိမ်၌ အပျိုစဖြစ်က ကင်ပွန်းပေးရသည်။ သက်တို့၌ ဤဓလေ့မရှိချေ။ ညီအစ်ကို သားသမီးချင်း၊ ညီအစ်မသားသမီးချင်း လုံးဝလက်မဆက်ရ။ မောင်နှမသားသမီးချင်း (သမီးမျောက်သား)သာ လက်ဆက်ခွင့်ရှိသည်။

သက်ဓလေ့၌ မိန်းကလေးအပျိုဖြစ်လျှင် မိဘအိမ်၌ မအိပ်ရတော့ဘဲ အပျိုခေါင်း၏ ဂေဟာ၌ စုအိပ်လေ့ရှိသည်။ ယောကျ်ားကလေးများ ခေါင်းပေါင်းတင်ပြီးလျှင်လည်း မိဘအိမ်၌မအိပ်ရတော့ဘဲ လူပျိုခေါင်းစီစဉ် ပေးသောအိမ်တစ်အိမ်၌စုအိပ်ကြသည်။ မိဘအိမ်သည် အိမ်ထောင်ရှင်များအတွက်သာဖြစ်သည်။ သားအသီးသီး အိမ်ထောင်ကျ၍ ကျုံ့ဟုန်းအခန်းများ မအားလပ်တော့လျှင် မိဘက ဒဟဏ်ဆာ (အိမ်ရှေ့ကပြင်)သို့ ဆင်းအိပ်ရသည်။ တစ်ခါတစ်ရံ အိမ်အရှေ့ဘက်၌ နေရာလပ်ကျန်နေသေးလျှင် အိမ်အသစ်





ဆောက်ပေးလေ့ရှိသည်။ အိမ်ဘေး၌ အဖအိမ်နှင့်အပြိုင် ဆောက်ခွင့်မရှိချေ။ အဖနှင့်ပြိုင်၍ မနေကောင်းဟု ဆိုသည်။

အိမ်ထောင်ချရန် သတို့သားဘက်မှ သတို့သမီး ဘက်သို့လာဆို(ပြော)ရသည်။ သတို့သမီးဘက်ကစ၍ ဆိုသည်ဟု အစဉ်အလာမရှိချေ။ မင်္ဂလာဆောင်သောအခါ သတို့သားအိမ်၌ ဆောင်ရပြီး သတို့သားအိမ်၌ပင် ရာသက် ပန်နေရသည်။ သတို့သမီးအိမ်၌ သတို့သားနေခွင့် မရှိချေ။ သမက်တက်မဟုတ်။ ချွေးမ(ခြုပ်မ) တက်ဖြစ်သည်။ သမီး အကြီးကိုကျော်၍ သမီးအငယ်ကို မင်္ဂလာဆောင်လေ့ မရှိသော်လည်း သမီးအကြီးကို ဆိုပြောမည့်သူမရှိပါက အငယ်ကို ပေးစားလေ့ရှိသည်။ ထိုအကြောင်းအရာကို တောင်ကျော်သည်ဟုဆိုသည်။ ၎င်းသည် အပြစ်ကား မဟုတ်ချေ။ နှစ်ဦးသဘောတူ ချစ်ကြိုက်နေကြသော်လည်း မိဘများ သဘောမတူလျှင် ယူခွင့်မရှိချေ။ သို့သော် အမျိုး(ဆာ) စည်းကမ်းနှင့်ညီလျှင်ကား အပြစ်ပေးလေ့မရှိပဲ ဖြစ်နိုင်လျှင် အိမ်ရှေ့မောင်းကာ၌ နှစ်ဖက်လူကြီးများစု၍ ညှိနှိုင်းပြီးလက်ခံပေးရသည်။ သို့ရာတွင် ယူခွင့်မရှိသော အမျိုး(ဆာ)အတွင်းဖြစ်နေလျှင် လုံးဝလက်မခံပဲလင်မယား ခွဲပစ်တတ်ကြသည်။ လင်မယားဖြစ်စ(၇)ရက်အတွင်း မိမိရွာအတွင်း သွားလာနိုင်သော်လည်း အခြားရွာများသို့ ဝင်ခွင့်မရှိ။ ဝင်မိလျှင် ကင်ပွန်းပေးရသည်။

## သက်လူမျိုး မွေးခလေ့

ကိုယ်ဝန်ဆောင်မိန်းမသည် အသုဘအိမ်သို့ မသွားရ။ ကိုယ်ဝန်ဆောင်မိန်းမ၏ လင်ယောကျ်ားသည် အသုဘ အိမ်သို့ သွားနိုင်သော်လည်း အသုဘထမ်းခြင်း မပြုရပေ။ ကိုယ်ဝန်ရှိနေလျှင် အသုဘ အလှူမထည့်ရ။ ကိုယ်ဝန် ဆောင်မိန်းမသည် မင်္ဂလာဆောင်၊ ရှင်ပြုပွဲစသည်ဖြင့် သွားနိုင်သော်လည်း ထိမ်းမြားသည့်နေရာသို့ မဝင်ရ။ ကိုယ့် မင်္ဂလာ သူများမင်္ဂလာဖြစ်သွားမည်ကို ရှောင်ခြင်းသဘော ဖြစ်သည်။ မွေးပြီးလျှင်လည်း ကလေးအခါလည်သည် အထိ အသုဘမလိုက်ရချေ။

ကိုယ်ဝန်သွားဖွားရန် မိဘအိမ်သို့ပြန်ရန် မလိုဘဲ ယောကျ္ခမအိမ်၌ မွေးခွင့်ရှိသည်။ ယောကျ္ခမအိမ်၏ ကဘက်(တန်းပျင်း)ရှိ သဝင်ဆောင်၌ မွေးခွင့်ရှိသည်။ ယောကျ္ခမ၏ သမီးမွေးမည်ဆိုလျှင်ကား အိမ်ထက်ရှိ သဝင်ဆောင်၌ မွေးခွင့်မရှိချေ။ အိမ်ဘေး၌ အယောင် (အဆွယ်)၌လည်းကောင်း၊ အိမ်ခြံအတွင်း သီးခြားတဲငယ် ဆောက်၍လည်းကောင်း မွေးရသည်။ ရခိုင်တို့က “မီးတွင်းထွက်ပြီလား”ဟု မေးသော်လည်း သက်တို့က “မီးတွင်းဝင်ပြီးလား”ဟု မေးလေ့ရှိသည်။ ကဘက် (တန်းပျင်း) မှ ကျုံဟုန်းသို့ ပြောင်းခြင်းကို ဆိုလိုသည်။ ကျုံဟုန်းဆိုသည်မှာ အိမ်ထဲတွင် သီးသန့်ပြုလုပ်ဖွဲ့စည်း ထားသည့် အခန်းကိုဆိုလိုသည်။ သက်လူမျိုး ရိုးရာ အိမ်တိုင်းတွင် ကျုံဟုန်းအခန်း(၁)ခန်း (သို့မဟုတ်) (၂)ခန်း ပါရှိသည်။ မီးတွင်းဝင်ချိန်၌ ကဘက်(တန်းပျင်း)၌ သုံးခဲ့သော

ပစ္စည်းများ (မီးဖို၊ အဝတ်ဟောင်းများ)ကို လွှင့်ပစ်ရသည်။ ကျုံဟုန်းသို့ ရောက်ချိန်၌ အိမ်သျှင်မနတ်ကို ပူဇော်ပြီး လူစာရင်းသွင်းရသည်။

သက်အမျိုးသမီးများ ကိုယ်ဝန်ရှိစဉ် အစားရှောင်လေ့မရှိ။ မွေးပြီးလျှင်ကား အကြီးအကျယ်အစားရှောင်ကြသည်။ ကလေးမွေးပြီးသည်နှင့် လက်သည်မိန်းမကြီး များကို ကြက်ငယ်တစ်ကောင်ဖြင့် တင်ပြီးအကျွေးပေးရသည် (ကျွေးမွေးရသည်)။ သားဦးဆိုလျှင် တန်ဖိုးကြီးကြီး အကျွေးပေးရသည်။ မွေးပြီးပြီးချင်း သို့မဟုတ် တစ်ပတ်ခန့် ကြာလျှင် ကလေးအား ကင်ပွန်းကိုင်ရသည်။ ကင်ပွန်းခန်းသို့ သားဦးမြေးဆုံး ယောကျ်ားများမှလွဲ၍ ကျန်အရွယ် ကောင်းသော ယောကျ်ားမဝင်ရ။ နိတ်(ကံနိမ့်)တတ်သည်ဟု အယူရှိသည်။ ကင်ပွန်းကိုင်ရာတွင် သွေး(သွီး) ကင်ပွန်း သို့မဟုတ် ရေစိမ်ကင်ပွန်း တစ်မျိုးမျိုးပေးရသည်။ သွေး (သွီး) သို့မဟုတ် ရေစိမ်ကင်ပွန်းအရည်ကို ကျည်တောက်ငယ်၌ ထည့်ပြီး စကော၌ တင်ထားရသည်။ မိန်းမများ၊ သားဆုံး မြေးဆုံးယောကျ်ားကြီးများက ကျည်တောက်မှ ကင်ပွန်းရည်ကိုတို့ယူပြီးသူ၏ ခြေထောက်၌တို့ကား ကင်ပွန်းကိုင်ရသည်။ ကင်ပွန်းကိုင်ရန်လာသူ အားလုံးကို ကင်ပွန်းထမင်းကျွေး ရသည်။

## ကရင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ ၁၂ လ ရာသီပွဲတော်

ကရင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ကျင်းပ ပြုလုပ်လေ့ရှိသည့် ၁၂ လ ရာသီ ပွဲတော်များ အကြောင်း မပြောခင် " ရှမ်းလနှင့် မြန်မာလ " အခေါ်အဝေါ်

| | **မြန်မာလ** | **ရှမ်းလ** | |
|---|---|---|---|
| ၁။ | တန်းခူးလ | ဒရမ်းကျစ် | (၇)လပိုင်း |
| ၂။ | ကဆုန်လ | ဒရမ်းပယ် | (၈)လပိုင်း |
| ၃။ | နယုန်လ | ဒရမ်းကောက် | (၉)လပိုင်း |
| ၄။ | ဝါဆိုလ | ဒရမ်းရှိ(စ်) | (၁၀)လပိုင်း |
| ၅။ | ဝါခေါင်လ | ဒရမ်းရှိ(စ်)အေ့ | (၁၁)လပိုင်း |
| ၆။ | တော်သလင်း | ဒရမ်းရှိ(စ်)ဆောင် | (၁၂)လပိုင်း |
| ၇။ | သီတင်းကျွတ် | ဒရမ်းကရန် | (၁)လပိုင်း |
| ၈။ | တန်ဆောင်မုန်း | ဒရမ်းညှို | (၂)လပိုင်း |
| ၉။ | နတ်တော်လ | ဒရမ်းဆမ် | (၃)လပိုင်း |
| ၁၀။ | ပြာသိုလ | ဒရမ်းစီ | (၄)လပိုင်း |
| ၁၁။ | တပို့တွဲ | ဒရမ်းဟာ | (၅)လပိုင်း |
| ၁၂။ | တပေါင်း | ဒရမ်းဟုတ် | (၆)လပိုင်း |

များကို အရင် လေ့လာ ကြည့်လျှင်------

**လတစ်လခြင်းစီကျင်းပပြုလုပ်လေ့ရှိသော ပွဲတော်များ**

**၁။ တန်ခူးလကို ရှမ်းဘာသာဖြင့် ဒရမ်းကျစ် (၇)လမြောက်သော လဟုခေါ်သည်။**

သင်္ကြန်ကာလတွင် ရေပက်ကစားကြပါသည်။သင်္ကြန်မကျမီ ၁၅ ရက်အလိုမှစ၍ သင်္ကြန်ကာလ ဧည့်သည်များ ကျွေးမွေးရန်မုန့် (မရွှေးခွက်၊ မရွှေးကြီး၊ မုန့်လေပွေ) စသည့် မုန့်များကို အိမ်တွင်ကြိုတင်ပြုလုပ်ထားကြပြီး သင်္ကြန်အတွင်း အိမ်လာသောဧည့်သည်များကို ဧည့်ခံကျွေးမွေးပါသည်။ထမင်း၊ ဟင်းများကို အပိုချက်ထားကြပြီး အားမနာတမ်း ရှာဖွေစားသောက်နိုင်သည်။ အိမ်ရှင်နှင့် ဧည့်သည်တို့ ယဉ်ကျေးစွာ ရေပက်ဖျန်းကြသည်။ ယခုကဲ့သို့ မဏ္ဍပ်များမရှိ၊ တစ်အိမ်တက် တစ်အိမ်ဆင်း လှည့်လည် ရေပက်ကစားကြသည်မှာ ချစ်စရာဓလေ့တစ်မျိုး ဖြစ်ပါသည်။

သင်္ကြန်အကြတ်နေ့ ညနေပိုင်း၌ လူတိုင်းသဲများ သယ်ယူကြပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သဲပုံစေတီပြုလုပ်ကြသည်။ ထိုသဲပုံစေတီတွင် တံခွန်များနေ့သားအလိုက်အိမ်ရှိ လူဦးရေအလိုက် စိုက်ထိုးထားကြသည်။ သင်္ကြန်အတက်နေ့ နံနက်ခင်းတွင် မိသားစုအလိုက် ဘုန်းကြီးကျောင်းတက်ကြပြီး ဆရာတော်ထံမှ သီလယူ၊ အလှူအတန်းပြုကြသည်။ ကျောင်းတကာကြီးမှ ဦးဆောင်ပြီး သဲပုံစေတီတွင် အားလုံးဆုတောင်းကြ ကုသိုလ်ပြုကြ သည်။ ပရိတ်တရားတော်နာခြင်း၊ ညနေပိုင်းတွင် ဘုန်းကြီးကျောင်းရှိဘုရား၊ တရား၊ သံဃာတို့အား ကန်တော့ခြင်း၊ ဘုရား ရေသပ္ပါယ်ခြင်း၊ ကျောင်းရှိဆရာတော်သံဃာတော်တို့အား ရေသပ္ပါယ်ခြင်းပြုကြသည်။ ပြီးလျှင် တစ်ဦးကိုတစ်ဦး



တန်ခူးလတွင်ပြုလုပ်သော ရှမ်းရိုးရာစုပေါင်းသဲပုံစေတီတွင် တံခွန်ကုက္ကားများ စုပေါင်းစိုက်ထူပုံ

ရေကစားကြသည်မှာ ပျော်စရာကောင်းပါသည်။

ဤကဲ့သို့ ကျောင်းမှာကန်တော့ပြီးတော့အခါ မိမိတို့ အိမ်မှာရှိသော မိဘ၊ ဦးလေး၊ အဒေါ်၊ သက်ကြီးဝါကြီးများကို ကန်တော့ကြ အပြစ်များကို ဝန်ချတောင်းပန်ကြရပါသည်။

နှစ်ဆန်း(၁)ရက်နေ့တွင် မိသားစုအလိုက် မကောင်းသော ဂြိုလ်ဆိုးဂြိုလ်နင်းများ ပပျောက်စေရန် ဆရာပင့်၍ ခေါစာကျွေးခြင်း၊ ရွာစောင့်နတ်၊ မြို့စောင့်နတ် များကို ပသပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။ ဧပြီလ (၁၉)ရက်နေ့တွင် ကျေးရွာရှိ သက်ကြီးရွယ်အိုများအား သက်ကြီးပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။

ဧပြီလ (၂၃)ရက်နေ့သည် ရှမ်းရိုးရာသင်္ကြန်၏ နောက်ဆုံးနေ့အဖြစ် ကျေးရွာအားလုံးစုပေါင်းပြီး ကျေးရွာနာယက ဆရာတော်ကြီးအား၊ သံဃာတော်များအားလုံး၊ ကျေးရွာသားများအားလုံး စုပေါင်း ကန်တော့ကြသည်။ စတုဒိသာဖြင့်ဧည့်ခံကျွေးမွေးပြီး ဘုန်းကြီးကျောင်းအလိုက်၊ ရပ်ကွက်အလိုက် ရှမ်းရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

ဆရာတော်ကြီးထံမှ ငါးပါးသီလနှင့် ဩဝါဒအဆုံးအမတို့ခံယူပြီး ဆရာတော်ဘုရားကြီးအား ကင်ပွန်းရည်ဖြင့် လက်ဆေးကန်တော့ကြသည်မှာ ကြိတ်ကြိတ်တိုးစည်ကားပါသည်။ ဆရာတော်ဘုရားကျောင်းမှလည်း လက်ဖွဲ့ပွဲတော်ပွဲများဖြင့် ဧည့်ခံပါသည်။ ရှမ်းရိုးရာသင်္ကြန်ကာလသည် ဧပြီလ (၁၃)ရက်မှ (၂၃)ရက်ထိ ကြာမြင့်ပြီး ချစ်စရာကောင်းမွန်သော ရိုးရာသင်္ကြန်ဖြစ်ပါသည်။

**၂။ ကဆုန်လကို ရှမ်းဘာသာဖြင့် ဒရမ်းပယ်(၈)လ မြောက်သောလဟုခေါ်သည်။**

ထိုလတွင် ကျောင်းအလိုက် ဇာတာဆက်ခြင်းကုသိုလ်ပြုလုပ်ကြသည်။ ကျောင်းတကာကြီးမှသင့်တော်သောနေ့တစ်နေ့ကို သတ်မှတ်ပါသည်။ ဇာတာဆက်ရန် အောက်ပါပစ္စည်းများကို ကြိုတင်စုဆောင်းရသည်။ လုံးပတ် လက်မ ၅တောင်ခန့် သစ်ခွ (၂)ခု၊ ၄တောင်ခန့် သစ်ခွအသေး(၁၂)ခု၊ တစ်တောင်ခန့် သစ်ခွအသေး(၁၂၀)ချောင်း၊ ကွမ်းသီး၊ ကွမ်းရွက်ကို အပ်ချည်ကြိုးချည်ထားသော ဝါးခြမ်း(၉)ချောင်း၊

၄တောင်ခန့်ရှိ ဝါးချောင်းထိပ်ဝါး အခေါင်းတွင် စပါး၊ သဲ၊ ဆန်၊ ရေ တစ်မျိုး (၉)ချောင်းစီ ၄ x ၂ သစ်သားပြား၊ ၄ တောင်ခန့် တံတား(၁)ခု၊ ငှက်ပျောတက်၊ အုန်းအခြောက်စ အပင်၊ ကွမ်းပင်ပေါက်စအပင်၊ ပင်ကြီ (၁)ပင်၊ အုန်း(၁)ခိုင်၊ ငှက်ပျော(၁)ခိုင်၊ ခေါင်းအုန်းသစ်(၁)လုံး၊ ဖျာ(၁)ချပ်၊ ရွှေအိုး (၁)လုံး၊ ငွေအိုး(၁)လုံး၊ ပျားဖရောင်းအကြီးတစ်တိုင်၊ အလတ်တစ်တိုင်၊ ဆီစိမ်အပ်ချည်တလံခန့် (၁၅) ချောင်း၊ ကျီးခြေဆီမီး ၁၅ခု၊ ပျားဖရောင်းအသေး ၁၅တိုင်၊ ၄ တောင်ခန့်ကုက္ကား (၁)ခု၊ ရောင်စုံစက္ကူအလံ ၁၂၀၊ သက်ကယ်ကြိုး ၁ချောင်း၊ အားလုံးကို ၃ထောင့်ပုံ ပြင်ဆင် ထားရပါမည်။ အားလုံး ပြင်ဆင်ပြီးပါက သံဃာတော်များ ပင့်ပြီး ပရိတ်ရေသပိတ် တစ်လုံး၊ ဆွမ်းပွဲ ၇ ပွဲ၊ အဆင်သင့် ပြင်ထားရမည်။

ထိုအခါ ကျောင်းတကာကြီးမှ သံဃာတော်များကို ပရိတ်တရားရွတ်ခြင်း၊ ဆုတောင်းပေးခြင်းများ ပြုလုပ်ရန် လျှောက်ထားပြီး အပ်ချည်ကြိုးဖြင့် ရွာတွင်းသို့ အိမ်တိုင်း ဆက်သွယ်ထားကြသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အိမ်တိုင်းမှ မကောင်းကျိုးများ ရတနာသုံးပါး၏ တန်ခိုးကြောင့် ပြေပျောက်စေပြီး ကောင်းကျိုးမင်္ဂလာ အဖြာဖြာရသည်ဟု ယုံကြည်ကြသည်။



**၃။ နယုန်လကို ရှမ်းဘာသာဖြင့် ဒရမ်းကောက် (၉) မြောက်သော လဟုခေါ်သည်။**

နယုန်လတွင် မိသားစုဆွေမျိုးအလိုက် ဆွေမျိုးအားလုံးတို့မှ ငွေကောက်ခံပြီး မိမိတို့ရိုးရာနတ်ကို နတ်ထိန်းအိမ်တွင် စုပေါင်းကန်တော့ကြသည်။ အချို့ဝက်(သို့မဟုတ်)ကြက်တို့ဖြင့်ပူဇော်ပသပြီး မိမိတို့ကျန်းမာချမ်းသာကြစေရန် ဆုတောင်းပူဇော်ကြသည်။ ပူဇော်ပသပြီးသောအခါ အားလုံးလက်ရေတပြင်တည်း စားသောက်

ကြသည်မှာပျော်စရာကောင်းလှပါသည်။ ဆွေမျိုးအချင်းချင်း ညီညွတ် ကြသည်။

**၄။ ဝါဆိုလကို ရှမ်းဘာသာဖြင့် ဒရမ်းရှိ(စ်) (၁၀)လ မြောက်သောလဟု ခေါ်သည်။**

ဝါဆိုလပြည့်နေ့တွင် ရွာသူရွာသားများ အားလုံး စုပေါင်းညီညာကျောင်းတက်ကြပြီး တရားနာခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း စသဖြင့် ဒါန၊ သီလ၊ ဘာဝနာပွားကြသည်။ ဝါဆိုသင်္ကန်းကပ်လှူခြင်းကို ပြုလုပ်ကြသည်။ ဝါတွင်း (၃)လပတ်လုံး ဥပုသ်နေ့တိုင်း သီလဆောက်တည်ကြသည်။ တရားဘာဝနာပွားကြသည်။



ဝါဆိုလတွင် ဝါဆိုဝါကပ်ကြမည့် သံဃာတော်များအား ရိုးရာလိပ်ပြာခေါ် လက်ချည်ပွဲ ပြုလုပ်စဉ်

## ၅။ ဝါခေါင်လကို ရှမ်းဘာသာဖြင့် ဒရမ်းရှိ(စ်)အေ့ (၁၁)လ မြောက်သောလ ဟုခေါ်သည်။

ကျောင်းရှိဘုရား၊ တရား၊ သံဃာရတနာ (၃)ပါး တို့အပေါ်၌ ကံသုံးပါးဖြင့် ပြစ်မှားမိခဲ့သော် ၎င်းကျောင်းဝင်း အတွင်းမဖွယ်မရာလုပ်မိလျှင်သော်၎င်း၊ ဥပမာ-ကျောင်းဝင်း အတွင်း တံတွေးထွေးမိသည်ဖြစ်စေ၊ အစားအစာတစ်ခုခု မတောင်းပဲစားမိလျှင်ဖြစ်စေ ထိုအပြစ်မျိုးမှ ပြေပျောက် စေရန် စုပေါင်းတောင်းပန်ပွဲကို ပြုလုပ်ကြသည်။

## ၆။ တော်သလင်းလကို ရှမ်းဘာသာဖြင့် ဒရမ်းရှိ(စ်)ဆောင် (၁၂)လ မြောက်သောလ ဟုခေါ်သည်။

ဆွမ်းတော်ကြီးတင်ပွဲ၊ ရှင်ဥပဂုတ္တပူဇော်ပွဲနှင့် တော်သလင်းလဆုတ်တွင် ဆလတ်ပွဲ(စာရေးတံမဲပွဲ) ကျင်းပကြသည်။ ကျင်းပပုံမှာ ဆလတ်ပွဲနေ့တွင် ကျောင်းသံဃာတော်များ ပင့်ဖိတ်ပြီး ခြင်းအတွင်းစားစရာ အစုံထည့်၍ လှူကြရသည်။ အိမ်အလိုက်မိမိတတ်နိုင် သလောက်ခြင်းထဲတွင် အသီးမျိုးစုံ၊ မုန့်မျိုးစုံ၊ ထည့်ပြီး ခြင်း၏ထိပ်တွင် ဆေးလိပ် ဖရောင်းတိုင် မုန့်ခြောက်များဖြင့် အလှဆင်ထားသည်။ အချို့ ခြင်းအသေး၊ အချို့ ခြင်းအကြီး တတ်နိုင်သလို ပြင်ဆင်ထားရသည်။ သေဆုံးသွားပြီး ဖြစ်သော ဆွေမျိုးများကိုလည်းကောင်း၊ နတ်မင်းကြီး လေးပါးအားလည်းကောင်း သိကြားမင်း၊ ဗြဟ္မာမင်းအား လည်းကောင်း သူရဿတီမယ်တော်အား ၎င်းရည်စူးလှူဒါန်း ပေးသည်။ ခြင်းတစ်လုံးအတွက် ပေစာရွက်တွင် လှူဒါန်း

ပေးမည့် ပုဂ္ဂိုလ်၏အမည်ကို ရေးထားပါသည်။ တစ်ရွာလုံးမှ ပေစာအားလုံးကိုစုပြီး ပင့်သံဃာအရေအတွက်အလိုက် အချိုးကျ ဘုရားတကာမှ ဆောင်ရွက်ပေးသည်။ ပြီးလျှင် သီလယူ ရေစက်ချတရားနာပြီး မိမိတို့ ပေစာများကိုရှာပြီး ရေစက်ချလှူဒါန်းပေးသည်။ ပဒေသာပင်ကြီးတစ်ခုကို ဘုန်းကြီးကျောင်းလျှင် တစ်ခုစီပြုလုပ်ပြီး မဲနှိုက်စေသည်။ ဆလတ်ပွဲတော်သည် လူစည်ကားပြီး ပျော်စရာကောင်းသော အလှူပွဲတစ်ခု ဖြစ်ပါသည်။

နှစ်စဉ်တော်သလင်းလပြည့်နေ့ရောက် ကျင်းပလေ့ရှိသည့် မဟာဒုတ်အလှူပွဲ(ဆလတ်ပွဲ)



**၇။ သီတင်းကျွတ်လကို ရှမ်းဘာသာဖြင့် ဒရမ်းကရန် (၁) လ မြောက်သောလ ဟုခေါ်သည်။**

ထိုလတွင် ပဝါရနာဝါကျွတ်ပွဲတော်နှင့် ကထိန်ပွဲတော်ကိုတွဲ၍ ကျင်းပကြသည်။ ကထိန်အလှူကို စုပေါင်းဘုံကထိန်အဖြစ် ပြုလုပ်ကြသည်။ စတုဒိသာ အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးပြီး ကထိန်အနုမောဒနာ တရားနာကြားခြင်း ပြုလုပ်ကြသည်။

**၈။ တန်ဆောင်မုန်းလကို ရှမ်းဘာသာဖြင့် ဒရမ်းညို (၂)လမြောက်သော လဟုခေါ်ပါသည်။**



တန်ဆောင်မုန်းလတွင် လဆန်း ၁၄ ရက်မှ ၁၅ ရက်ထိ၊ ၂ရက်၊ ၂ညတိုင်တိုင် ဇာတ်ကြီး (၁၀) ဘွဲ့ တရားနာ ပူဇော်ပွဲ ကျင်းပသည်။ ညပိုင်းတွင် မီးပုံပျံများလွှင့်တင်ပြီး မီးပူဇော်ပွဲလည်း ကျင်းပကြပါသည်။

**၉။ နတ်တော်လကို ရှမ်းဘာသာလို ဒရမ်းဆမ် (၃)လ မြောက်သောလ ဟုခေါ်သည်။**

နတ်တော်လဆန်း(၁)ရက်နေ့တွင် ရှမ်းနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပခြင်း၊ ကျေးရွာမှစုပေါင်းပြီး ငွေပဒေသာပင် ပူဇော်ပွဲကိုကျင်းပသည်။ တစ်အိမ် ပဒေသာပင် တစ်ပင် အလှူငွေ(တတ်နိုင်သလောက်)ထည့်ပြီး ကျေးရွာအတွင်း အတီးအမှုတ်၊ အကအခုန်တို့ဖြင့် လှည့်လည်ပြီးညနေပိုင်း ကျောင်းတွင်စုရုံးကာ ရေစက်ချ တရားနာကြသည်။ ရရှိသော ဝတ္ထုငွေကို ကျောင်းရံပုံငွေအတွက် စုဆောင်းထားသည်။

**၁၀။ ပြာသိုလကို ရှမ်းဘာသာဖြင့် ဒရမ်းဆီ (၄)လ မြောက်သောလ ဟုခေါ်သည်။**

ကောက်သစ်အလှူပွဲဖြစ်သည်။ မိမိတို့ပြုလုပ်ထား သောလယ်မြေမှထွက်သည့် ဆန်ဦးများကို ကောက်ညှင်း ကျည်ထောက်ဖုတ်၍ လှူကြသည်။ တစ်အိမ်စပါးတစ်တင်း ကျစီ ဘုန်းကြီးကျောင်းသို့ ပေးလှူကြသည်။ လဆန်း(၁၄) ရက်ည ကောက်ညှင်းကျည်ထောက် ဖုတ်ထားပြင်ဆင်ထားပြီး (၁၅) ရက် လပြည့်နံနက်စောစော ဘုန်းကြီးကျောင်းသို့ သွားကြ သည်။ ဆွမ်း၊ ဟင်း၊ ထမင်း တို့ကို သံဃာတော်နှင့်

ကျောင်းတကာကြီးတို့အား ပေးလှူကြသည်။ ပြီးလျှင် တရားနာ၊ ရေစက်ချသည်။ နံနက်စောစောတွင် ရိုးရာမီးပုံပွဲကိုလည်း ကျင်းပကြသည်။





နှစ်စဉ်ပြာသိုလပြည့်နေ့တိုင်း ကျင်းပလေ့ရှိသည့် ရှမ်းတိုင်းရင်းသားရိုးရာ
ဘုရားမီးပူဇော်ပွဲ



ပြာသိုလပြည့်နေ့တွင် ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းရန်အတွက်
ရှမ်းတိုင်းရင်းသားရိုးရာ ကောက်ညှင်းကျည်တောက်မီးဖုတ်နေစဉ်

## ၁၁။ တပို့တွဲလကို ရှမ်းဘာသာဖြင့် ဒရမ်းဟ (၅)လမြောက်သော လဟုခေါ်သည်။

နှစ်ပတ်လည် ရိုးရာနတ်ပူဇော်ပွဲ ကျင်းပသည်။ မိမိဆွေမျိုးအလိုက် နတ်ထိန်းအိမ်တွင် စုပေါင်းပူဇော်ကြသည်။ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ကျရောက်သော ရှမ်းအမျိုးသားနေ့ အခမ်းအနား ကျင်းပခြင်း၊ ရှမ်းရိုးရာယဉ်ကျေးမှု ဖေါ်ထုတ်ရေးပွဲတော်ကို စုပေါင်းကျင်းပကြသည်။ ထိုနေ့တွင် ရှမ်းရိုးရာနှင့်ပတ်သက်သော ပြခန်းများ၊ ကဗျာပြိုင်ပွဲများ၊ ရှမ်းဆောပွဲများ၊ ကျောင်းအလိုက် မီးပုံပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ ပြုလုပ်ကျင်းပသည်။



နှစ်စဉ်ကျင်းပလေ့ရှိသည့် ရှမ်းအမျိုးသားနေ့နှင့် ရှမ်းရိုးရာယဉ်ကျေးမှု ဖော်ထုတ်ပွဲ

## ၁၂။ တပေါင်းလကို ရှမ်းဘာသာဖြင့် ဒရမ်းဟုတ် (၆)လမြောက်သော လဟုခေါ်သည်။

တပေါင်းလတွင် ရှင်ပြုရဟန်းခံပွဲများ ကွယ်လွန်သွားပြီးသော ဆွေမျိုးများအား အိမ်ကလေး လှူပေးခြင်း (ထိုအိမ်ကလေးတွင် အိမ်ထောင်ပစ္စည်းအစုံထည့်ရသည်) ထိုအိမ်ကလေးကို သံဃာတော်များပင့်ပြီး သေဆုံးသွားသူအား ရည်စူးပြီးနေစရာရှိအောင် အမျှဝေလှူဒါန်းပေးသည်။ နှစ်ပတ်လည်စေတီ ပုထိုးဘုရားပွဲတော်လည်း သင့်သလိုကျင်းပ ပူဇော်ကြပါသည်။



ကွယ်လွန်သူကိုရည်စူး၍အိမ်ကလေးပြုလုပ်ကာ လူ့အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းဆင်ယင်လှူဒါန်းသော ရှမ်းရိုးရာအိမ်ကလေးအလှူပွဲ

## ရှမ်းနီ(တိုင်းလိုင်) ရိုးရာဓလေ့များ

ရိုးရာဓလေ့ဆိုသည်မှာ ရှေးနှစ်ကာလကြာမြင့်စွာမှ ယနေ့ထိတိုင် လိုက်နာကျင့်သုံးဆဲဖြစ်သော သူတို့၏ အစဉ်အလာပြုမူချက်များကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

လူတိုင်းတွင် အစဉ်အလာရိုးစွဲယုံကြည်မှု လိုက်နာကျင့်သုံးမှု ဓလေ့ထုံးတမ်းစဉ်လာများ ရှိစမြဲဖြစ်၏။ ထို့ကြောင့် တိုင်းရင်းသားတိုင်းတို့တွင်လည်း မိမိတို့၏ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ခံယူမှု၊ ကိုယ်ပိုင်သဘောထားတို့ ဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့များ ရှိစမြဲဖြစ်ပါသည်။

များသောအားဖြင့် ညီနောင်ရင်းဖွား ပြည်ထောင်စု တိုင်းရင်းသားတို့၏ နှလုံးရင်နှစ်တို့မှ ဖြစ်မြောက်ပေါက်ဖွား လာသော ရိုးရာဓလေ့တို့သည် မာန်မာနကင်းစင်ကြသည်။ စေတနာသဒ္ဒါတရား ပါဝင်ကြသည်။ တစ်ဦးပေါ်တစ်ဦး သက်ဝင်ကြည်လင် ရိုးသားကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့တွင် အပါအဝင် ဖြစ်သော ရှမ်းနီအမျိုးသားတို့တွင်လည်း အထက်ဖော်ပြပါ အနှစ်သာရများနှင့် ပြည့်ဝသည့် ရိုးရာဓလေ့များရှိသည်။

ချင်းတွင်းမြစ်ဖျားဒေသ၊ ဟုမ္မလင်းမြို့နယ်တွင်းရှိ နောင်လွန်ရွာ၊ နားနောက်ရွာ၊ နောင်ပိုအောင်ရွာ၊ နန်တောရွာ၊ မောင်းခမ်းရွာ၊ တဖုံး၊ အုန်းဘက်ရွာများနှင့် အခြားအခြားသော

ရှမ်းနီတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိလေ့လာရင်း ရှမ်းနီတို့၏ ချစ်စရာဓလေ့များကို တွေ့ကြုံမြင်တွေ့ရပါသည်။

ရှမ်းနီတို့သည် ဘာသာရေးကို အလွန်ကိုင်းရှိုင်းလိုက်နာကြသူများဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းနီတို့၏ ရိုးရာဓလေ့များမှာလည်း ဘာသာရေးဓလေ့များသာများပါသည်။ သို့တစေလည်း ဘာသာရေးမဖက်သော မြတ်နိုးဖွယ်ရာ လူမှုရေးဓလေ့များ ထွန်းကားသင့်သလောက် ထွန်းကား ကျန်ရှိနေသေးသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

ရှမ်းနီတို့၏ အပျိုလူပျိုအဖွဲ့သည် စုပေါင်းညီညာခြင်း၊ ရိုင်းပင်းကူညီခြင်းစသည့် ပြည့်ဝနေသော လူမှုရေးဓလေ့ရှိသည့် အဖွဲ့ဖြစ်၏။ ရှမ်းနီကျေးရွာတိုင်းတွင် အပျိုလူပျိုအဖွဲ့ရှိ၏။

အဖွဲ့၏ လူပျိုခေါင်းနှင့် အပျိုခေါင်းတို့ကိုမူ ရပ်ရွာ၏ အများကြည်ညိုလေးစားခြင်းခံရသူ၊ ထထကြွကြွ လုပ်နိုင်ကိုင်နိုင်သူ အမျိုးသားခပ်ကြီးကြီး တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို တင်မြှောက်ထားကြ၏။

လူပျိုခေါင်းနှင့် အပျိုခေါင်းတို့ ဦးဆောင်သောအပျိုလူပျိုအဖွဲ့သည် ရပ်ရွာတွင် သာရေးနာရေးကိစ္စကြီးငယ်ပေါ်ပေါက်တိုင်း ဝေယျာဝစ္စလုပ်ကိုင်စရာ အားလုံးကိုတာဝန်ယူ၍ ဆောင်ရွက်ပါသည်။ ဥပမာ-ရွာတွင် အလှူပွဲ


KINN MO
photography





ပြုလုပ်လိုသူရှိအံ့။ ထိုအလှူရှင်က ပထမဦးစွာ လူပျိုခေါင်းထံ သွားကာ အပျိုလူပျိုအဖွဲ့ကို အလှူပွဲလုပ်ဆောင်စရာများ အပ်ပါကြောင်း လာရောက်ကူညီကြရန် ဖိတ်ကြားပါကြောင်း ပြောလိုက်ရသည်။ ထိုအခါလူပျိုခေါင်းက စုဝေးဆော်သြကာ ရပ်ရွာတွင်းရှိ အပျိုလူပျိုအားလုံးကို စုရုံးခေါ်ငင်ခဲ့ပြီး ထင်းခွေကြ၊ ဆန်ထောင်းကြ၊ ဟင်းရွာကြ စသည်ဖြင့် ဆောင်ရွက်ပေးကြ၏။ အလှူပွဲရက် ရောက်လျှင်လည်း ဧည့်ပရိတ်သတ်များကို ချက်ပြုတ်ကျွေးမွေး ဧည့်ခံကြလေ သည်။ ထို့အတူပင်ဆေးဖော်ပွဲ၊ တုံးလုံးပွဲ(မသာပွဲ) ကန်တော့ပွဲ စသည်တို့တွင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြသည်။ ထိုသို့ ဝိုင်းဝန်းလုပ်ကိုင်ကြရာ၌ အလှူရှင်၊ ပွဲရှင် ကာယကံရှင်များက သော်လည်းကောင်း၊ အခြားရွာသူရွာသားတို့က သော် လည်းကောင်း ပြန်ကြည့်စရာ၊ ဝင်လုပ်စရာမလိုလောက် အောင်ပင် ထောင့်စေ့ကြသည်။ လူပျိုခေါင်း အပျိုခေါင်းတို့၏ ဦးဆောင်မှုအောက်တွင် စည်းကမ်းသေဝပ်စွာ လိုက်နာ ဆောင်ရွက်ကြသည်တို့မှာ အတုယူဖွယ်ကောင်းလှသော ရှမ်းနီတို့၏ လူမှုရေး၊ ရိုးရာဓလေ့တစ်ခုပင်ဖြစ်ပါသည်။

ချစ်စရာလေးစားဖွယ်ရာကောင်းသော အခြားလူမှုရေး ရိုးရာဓလေ့တစ်ခုလည်း ရှိပါသေးသည်။ ထိုဓလေ့ကို “ရွာဝင်မိတ်ဖွဲ့” ဓလေ့ဟုပင် အမည်ပေးထားပါသည်။

ထိုခလေ့ကလေးကို မြေလတ်အရပ် များက "ခဲဖိုး" ခလေ့နှင့် နှိုင်းယှဉ်ပြရလျှင်ပို၍ ပေါ်လွင်လာပါမည်။ မြေလတ်နှင့် အခြားပြည်မ အရပ်တို့တွင် မိမိတို့ရွာမှ အပျို တစ်ဦးကို အခြားရွာမှ လူပျိုတစ်ဦးက လာ၍တောင်းရမ်း သည်ဆိုပါက "ခဲဖိုး" ငွေတောင်းခံကြပါသည်။ ခဲဖိုးတောင်း ရာတွင်လည်း အချို့ရွာများတွင် သတို့သားဖက်က မပေးနိုင် လောက်အောင်ထိ လေးရာ၊ ခြောက်ရာ၊ တစ်ထောင် စသည်ဖြင့် တောင်းတတ်ကြပြန်၏။ သတို့သမီးအပေါ် မကျေနပ်ခဲ့မှုများ သတို့သားအပေါ်ထားခဲ့သော အာဃာတ တရားများကို ခဲဖိုးအပေါ်တွင် အတိုးချကာ အပြေးကျဖြင့် တောင်းလေ့ရှိကြပြန်သည်။ မပေးနိုင်ပါကလည်း မင်္ဂလာကပွဲ မဖြစ်နိုင်လောက်အောင်ထိ အမျိုးမျိုးနှောင့်ယှက် ကြပြန်သည်။ ရှေးကနဦးအခါက ခဲဖိုးခလေ့သည် ရပ်ရွာခံ ကာလသားတို့နှင့် ကျွမ်းဝင်မိတ်ဆက် ပျော်ပွဲလုပ်ရန် သော်လည်းကောင်း၊ ရွာဘုံပစ္စည်း ထူထောင်ရန်လည်းကောင်း၊ ကောင်းသော ရည်ရွယ်ချက်ဖြင့် ရှိခဲ့မည်ဖြစ်သော်လည်း ယခုအခါမူ ခဲဖိုးခလေ့သည် အများသူငါတို့ကို အတော်စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်နေလေပြီ။ ရှမ်းနီတိုင်းရင်းသား တို့ကမူ ထိုသို့မဟုတ်ချေ။ ရွာခံသတို့သမီးအိမ်တွင် မင်္ဂလာပွဲပြုလုပ် သည့်နေ့၊ ထိုည၌ ရွာခံကာလသားတို့သည် အိုးစည်ဗုံမောင်း တို့ဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာ သွားကြပါသည်။ သတို့သားနှင့် သတို့သမီးတို့ကလည်း အားရဝမ်းသာ









ဆီးကြိုနှုတ်ဆက်ပြီး အိမ်ပေါ်သို့ဖိတ်ခေါ်၍ စားသောက်ဖွယ် ရာတို့ဖြင့် ကာလသားတို့ကို ကျွေးမွေးဧည့်ခံကြရ၏။ ထိုအချိန် တွင်ပင် ကာလသားတို့နှင့်သတို့သားသည် ခင်မင် ရင်းနှီးစွာ မိတ်ဖွဲ့ကျွမ်းဝင်ကြရပါသည်။ ငွေကြေးတောင်း ခံခြင်း၊ အကျပ်ကိုင်နှောင့်ယှက်ခြင်း လုံးဝမရှိပါ။ ချစ်စရာ၊ လေးစားဖွယ်ရာကောင်းသော လူမှုရေးဓလေ့ ပီသပါပေ သည်။

ဘာသာရေးဖက်သို့ လှေ့လာကြည့်မည်ဆိုပါကလည်း ရှမ်းနီတိုင်းရင်းသားတို့၏ ဘာသာရေးဓလေ့သည် ယနေ့ ထိတိုင် စံထားထိုက်အောင်ပင်ရှိပါသေးသည်။

သီတင်းဝါလကျွတ်ပြီဆိုလျှင် ရှမ်းနီတိုင်းရင်းသား တို့မှာ ပွဲလမ်းသဘင် အခင်းအကျင်းတို့ဖြင့် ပျော်ရွှင်ဖို့ သတိ မရနိုင်ကြပါချေ။ သူတို့ ဂရုတစိုက်လုပ်ကြသည်မှာ ကန်တော့ပွဲသွားဖို့နှင့် တစ်ခြားရွာများမှ မိမိတို့ဘုန်းကြီး ကျောင်းသို့ “ကန်တော့ပွဲ” လာကြမည့် ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်စွာ ပြုစုဧည့်ခံဖို့ပင် အားထုတ်နေကြ ပါသည်။

ရှမ်းနီတိုင်းရင်းသားများသည် “တစ်မူးရလို့ တစ်ပဲ လှူ ဒို့ရှမ်းတောင်သူမှီနိုင်ရိုးလား”ဟူသော အဆိုကဲ့သို့ပင် လှူဘို့ တန်းဖို့ကိုသာ အာရုံပြုနေကြသူများဖြစ်၏။ သီတင်းကျွတ်ပြီဆိုလျှင် တစ်ရွာမှတခြားရွာသို့ အတီးအမှုတ်

အကအခုန်တို့ဖြင့် ရွာလုံးကျွတ်မျှသွား၍ ဘုန်းကြီး ကန်တော့ကြလေသည်။ ရွာခံတို့ကလည်း ရောက်လာကြ သောဧည့်သည်များကို တီးမှုတ်ကခုန်ကာ ကြိုဆိုပြီး မုန့်ပဲ သရေစာ ထမင်းဟင်းတို့ဖြင့် တည်ခင်းဧည့်ခံကြ၏။ ထိုသို့ တစ်ရွာနှင့်တစ်ရွာ အပြန်အလှန်သွားကာ ကန်တော့ ကြခြင်းဖြင့် ရင်းနှီးကျွမ်းဝင်ကြရသည်။ ကုသိုလ်စေတနာ သဒ္ဓါတရားတို့ဖြင့်လည်း ကြည်လင်ရွှင်ပျကြရသည်။

ထို့အတူပင် သင်္ကြန်ရက်များတွင်လည်း ရှမ်းနီ တိုင်းရင်းသားတို့သည် တစ်ရွာနှင့်တစ်ရွာ သွားကာ ဘုန်းတော်ကြီးများကို ကန်တော့ကြပြန်ပါသည်။ ဝါကျွတ် ကန်တော့ပွဲလိုပင် ဧည့်ခံရင်းနှီးကြရပြန်၏။ သင်္ကြန်ရက်ပင် ဖြစ်သော်လည်း တစ်ဦးကိုတစ်ဦး စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် ရေလောင်းခြင်းမှာမရှိသလောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းနီတို့သည် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ဖို့ထက် ဘာသာရေးဓလေ့များကိုသာ ဦးထိပ် ထားလျက် အစဉ်တစိုက် ထိန်းသိမ်းလျက်ရှိပါသည်။

ရှမ်းနီတိုင်းရင်းသားတို့သည် ဝါတွင်းဥပုသ်ရက် များနှင့် အခါကြီးရက်ကြီးများတွင် ရွာထဲရှိ အသက်အရွယ် ကြီးသူ အဖိုးအဖွားတို့အား ထမင်းပွဲများ ပို့တတ်ကြပါ သေးသည်။ ထိုရက်များ၌ မည်သည့် “ကန်တော့ပွဲပစ္စည်း” တစ်စုံတစ်ခုမျှ မပါစေကာမူလည်း လက်အုပ်ချီ၍ပင်

ကန်တော့လေ့ရှိကြ၏။ မာန်မာနကင်းစင်ခြင်း၊ ရိုသေထိုက်သူကိုရိုသေခြင်း၊ ကျွေးမွေးပူဇော်ထိုက်သူကို ပူဇော်ခြင်းစသည့် ဘာသာရေးနှင့်ဆက်နွယ်နေသော ချစ်စရာဓလေ့များဟုပင် ဆိုရပါမည်။ထို့ပြင် ရှမ်းနီတိုင်းရင်းသားတို့သည် မိမိအမှားကို မှားမှန်းသိသည်နှင့်တပြိုင်နက်ဝန်ချကန်တော့၍ တောင်းပန်ရန် ဝန်မလေးတတ်ပါပေ။ ဥပမာ- လူငယ်တစ်ဦးက အသက်အရွယ်ကြီးရင့်သူတစ်ဦးဦးကို နှုတ်လွန်ရမ်းကားပြစ်မှား ပြောဆိုမိပါကမိမိမှားမှန်းသိလျှင် “ပန်းကတော့” ထိုး၍ ဝန်ချတောင်းပန်ခြင်းပြုလုပ်သည့်ဓလေ့ရှိပါသည်။ (ပန်းကတော့ဆိုသည်မှာရွက်သစ် သို့မဟုတ် ငှက်ပျောရွက် အရွယ်တော်တစ်ခုခုကိုကန်တော့ပုံပြုလုပ်ကာ ထိုကန်တော့ထဲသို့ ပန်းခက်ပန်းပွင့်များထည့်ထားသော ပစ္စည်းကို ပြန်ခေါ်ခြင်းဖြစ်၏) ထိုပန်းကန်တော့ကလေးဖြင့် ကိုယ့်ကိုယ်ကို နှိမ့်ချကာကန်တော့တောင်းပန်လာသူ တစ်ဦးအား ကန်တော့ခံသူသည် ကျေနပ်ခွင့်လွှတ်ခြင်း စသော ဘာသာရေး၊လူမှုရေးပေါင်းစပ်ထားသည့် မြတ်နိုးဖွယ် ဓလေ့တစ်ခုပင်ဖြစ်ပါသည်။

အလှူပွဲ၊ မင်္ဂလာပွဲ၊ လက်ထပ်ပွဲ၊ မသာပွဲတို့ရှိ၍ကူကြ၊ လက်ဖွဲ့ကြ၊ ထောက်ပံ့ကြရာတွင်လည်း ရှမ်းနီတိုင်းရင်းသားတို့၏ အရပ်ဒေသများတွင် ငွေကြေး အရေအတွက်ကို စာရင်းအင်းမှတ်သားထားခြင်း မရှိပေ။

ငါအလှူတွင် ဘယ်သူက ဘယ်လောက်ကူလည်း သူအလှူတွင်လည်း ငါကဘယ်လောက်ပြန်ကူရမည် စသည်တို့ လုံးဝမရှိပါ။ ကုသိုလ်ပါဝင်လိုသော စေတနာအရသာ ငါးပြား၊ ဆယ်ပြားမှစ၍ တတ်နိုင်သမျှထည့်ဝင်ကြပါသည်။

ရှမ်းနီတို့ လမ်းခရီးသွားလာရင်း လမ်းတွင်မသာ (ဒေသအခေါ်တုံးလုံးပွဲ)နှင့် တွေ့ပါကလည်း ရှောင်ကွင်းမသွားကြဘဲ သင်္ဂြိုလ်စရိတ်၊ လှူဖြစ်အောင် ကူသွားတတ်ကြ၏။ မွန်မြတ်သော ဓလေ့ပင် ဖြစ်ပါသည်။

ရိုးရာဓလေ့ဟူသည် ကောင်းမွန်မြင့်မြတ်သော ဓလေ့တို့လည်းရှိသည်။ မကောင်းသောလမ်းမှားချွတ်ချော်သောဓလေ့တို့လည်းရှိ၏။ မည်သို့ပင်ရှိစေကာမူ ဓလေ့ဟူသည်ကား လူတို့က ဖန်တီးလိုက်နာကြသော လူတို့၏ အစဉ်အလာ အပြုအမူများသာဖြစ်ပါသည်။ ထို့ကြောင့် လူတို့သည်ကောင်းသော ဓလေ့များကို ရှင်သန်စေ၍ ထာဝစဉ် ထိန်းသိမ်းလိုက်နာကြကာ ချွတ်ချော်တိမ်းမှားနေသော ဓလေ့တို့ကား ပြုပြင်ကြ၊ စွန့်ပစ်ကြရမည်သာ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရှမ်းနီတိုင်းရင်းသားတို့၏ ဓလေ့များမှာကား လူနှင့်လူချင်း ရိုင်းပင်းကူညီတတ်သော ဓလေ့များ စာနာတတ်သောဓလေ့များ၊ စင်ကြယ်သည့် စေတနာ၊ သဒ္ဓါတရားပွားများစေသောဓလေ့များ၊ မာန်မာနကို

နိမ့်ချတတ်၊ ခွင့်လွှတ်တတ်သော ခလေ့များဖြစ်၍ မြတ်နိုး ဖွယ်ကောင်းကြသော ခလေ့များဖြစ်ပါသည်။ အများသူငှာ တိုင်းရင်းသားတို့အဖို့ နှစ်သက်လိုက်နာချစ်ခင်စရာ ခလေ့ များလည်းရှိကြပါသည်။ ထို့ကြောင့်ညီနောင်ဖွား ရှမ်းနီ တိုင်းရင်းသားတို့၏ ခလေ့ကောင်းများသည် ထာဝစဉ် ရှင်သန်ထွန်းကားနိုင်ပါစေဟူ၍ ရှမ်းနီတိုင်းရင်းသားတို့၏ ခလေ့ထုံးစံများကို ရေးသားဖော်ပြလိုက်ရပါသည်။

## မှီငြမ်းကိုးကာချက်များ

(၁) -ကချင်ပြည်နယ်ယဉ်ကျေးမှုဌာန၊ ကချင်မျိုးနွယ်စုတို့၏ သမိုင်းနှင့်ဓလေ့ထုံးစံများ။
-နော်ဆမ်ဦး၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၊ ကချင် ရိုးရာပြက္ခဒိန်။
-အိအိမော်(ယဉ်ကျေးမှု)၊ ကချင်ရိုးရာ အဆင်တန်ဆာ ဒီဇိုင်းများ၊ ရန်ကုန်။

(၂) ဦးကျော်သန်း(ဖယ်ခုံ) ရေးသားသော ကယန်းလူမျိုး ကယန်းဓလေ့ ဒုတိယကြိမ်စာအုပ်မှ ကောက်နှုတ် ဖော်ပြသည်။

(၃) ကရင်လူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုများစာအုပ်၊ အင်တာနက်မှ စုစည်းဖော်ပြသည်။

(၄) မန်းသင့်နောင်(ကော့ကရိတ်)၊ အရှေ့ပိုးကရင်(ဒု-ကြိမ်) စာအုပ်မှ ကူးယူဖော်ပြသည်။

(၅) ခူမီးစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီအသင်း၊ ချင်းပြည်နယ်မှ စုစည်းဖော်ပြသည်။

(၆) ၁၉၇၁ ခုနှစ် နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်း အတွဲ ၂၀၊ အမှတ်(၁) ဝန်းသိုအောင်ခင်၏ ဆောင်းပါးကို ကူးယူ ဖော်ပြသည်။

(၇) နိုင်ထွန်းသိန်း၏ မွန်အကြောင်းသိကောင်းစရာ ဆောင်းပါးမှ ထုတ်နှုတ်၍ မင်းမြင့်ဖေ(ဌာနခွဲစာရေး)၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ မွန်ပြည်နယ်မှ ပေးပို့သည်။

(၈) ကရင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း၊ (ဒု- ဥက္ကဋ္ဌ) ဦးနံ့အိတ်က ပြုစုပေးပို့သည်။

(၉) ၂၀၁၇ ခုနှစ်ထုတ် အောင်တံခွန်ဝံသရက္ခိတမဂ္ဂဇင်းမှ ကောက်နှုတ်ဖော်ပြသည်။

(၁၀) ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းမှ ကူးယူဖော်ပြသည်။